မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၂၀)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျီရာဒက်ခ်ိဳ့ချရတ်အား နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် အမှတ် (၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးဂျီရာဒက်ခ်ိဳ့ချရတ်နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျီရာဒက်ခ်ိဳ့ချရတ်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးဂျီရာဒက်ခ်ိဳ့ချရတ်နှင့် အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးသိဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်းနှင့် စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးဂျီရာဒက်ခ်ိဳ့ချရတ်နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၃ ရက်)

မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကူးစက်ပြန့်ပွားခြင်းမှ စုပေါင်းကာကွယ်တားဆီး

မိုးရာသီတွင် အဖြစ်များသောရောဂါမှာ ဝမ်းလျှောဝမ်းပျက် ရောဂါဖြစ်သည်။ သောက်သုံးရေ မသန့်ရှင်းမှုကြောင့် ရောဂါပိုးများဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်ပွားစေသည်။ ရက်ကျော် အစားအစာများမှာလည်း ပုပ်သိုးတတ်သဖြင့် ဝမ်းသွားနိုင်သည်။ ယင်ကောင်များ ပေါက်ပွားပေါများ လာမှုကြောင့်လည်း အစားအစာများမှတစ်ဆင့် ရောဂါပိုးများ ကူးစက်ပြန့်ပွားနိုင်သည်။

ရေတင်ရေဝပ်သဖြင့် ရေမြောင်းပိတ်ဆို့ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်ခြင်းကြောင့် ခြင်များ ပေါက်ပွားတတ်သည်။ ခြင်များအကိုက်ခံရပါက ကလေးငယ်များ သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားစေနိုင်သည်။

ရာသီဥတု အပြောင်းအလဲကာလဖြစ်၍ အပူရုပ်ခြင်း၊ အအေးပတ်ခြင်း၊ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊ ကျန်းမာရေးအသိပညာနှင့် အလေ့အကျင့် အားနည်းခြင်းတို့ ကြောင့်လည်း ကူးစက်ရောဂါများ ဖြစ်ပွားလေ့ရှိသည်။

ဤကာလတွင် ကူးစက်ရောဂါများမှကာကွယ်ရန် ရေကိုကျိုချက်သောက်ခြင်း၊ ရေတွင်း ရေကန်များအတွင်း ညစ်ညမ်းသောရေနှင့် အမှိုက်များမဝင်ရန် ကာကွယ်ခြင်း၊ သန့်ရှင်း လတ်ဆတ်သော အစာများကိုသာ စားသုံးခြင်း၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားခြင်း စသည်တို့ကို ကြိုတင်လုပ်ဆောင်ထားရမည် ဖြစ်သည်။

အမှည့်လွန်အသီးများ၊ ယင်နားစာများ စားသုံးခြင်းနှင့် စားကြွင်းစားကျန် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကိုလည်း ရှောင်ကြဉ်သင့်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိသားစုအတွင်း ကျန်းမာရေးအသိပညာများ လေ့လာလိုက်နာ ကျင့်သုံးခြင်းတို့ဖြင့်လည်း ကူးစက်ရောဂါ ဖြစ်ပွားမှုမှ တားဆီးကာကွယ်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူများက ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အသိစိတ်ဓာတ်ရှိရှိ စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိဘများဖြစ်သော ဦးဖေကြီး-ဒေါ်လေးမယ်နှင့် မောင်နှမများအားရည်စူး၍ ရန်ကုန်တိုင်းအင်းစိန် မြို့နယ် ဂန္ဓမာလမ်း အမှတ်၁၂/ကနေ ဒေါ်ညွှန့်ညွှန့်နှင့် သားသမီး၊ မြေးတစ်စုက ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများအား China Radio International (CRI) မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့အား တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးခရီးစဉ်အတွက် မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ရုပ်မြင်သံကြားရိုက်ကူးရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Radio International (CRI) မှ ညွှန်ကြားရေးမှူး Mr. Luo Hong Bing နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီ၁၅မိနစ်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။ (ဝဲပုံ)

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာမြဦးက မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးMr. Luo Hong Bingနှင့်အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဒုတိယဝန်ကြီးများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၃၆) ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ ဝင်ငွေတိုးလုပ်ငန်းလက်တွေ့ပြသခြင်း အခမ်းအနားကို မေ ၁၀ ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွှန့်က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြား

၁၃-၅-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	နှောင်ကြိုးအစစ် တရားတော် (ဒုတိယပိုင်း) ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည် ဆရာတော်)
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၅၅	လေ့လာမှတ်သား စံနမူနာပြု သုတစွယ်စုံ စာပေဆု
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာ အနုပညာရေးရာ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	စေတီတို့ရဲ့နှောင်တော် တွံတေးရွှေဆံတော်
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့် မြန်မာနိုင်ငံ (အပိုင်း-၂)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	Activities in the City
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	World Mother's Day
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	မိုးလေဝသခန့်မှန်းချက်
၁၁း၅၅	အဏ္ဏဝါ၏ သားကောင်းများ
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	အသိဉာဏ်ဘဏ်တိုက် စာကြည့်တိုက် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	**ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်) ဒါရိုက်တာ- မောင်မောင်ဦး (စနိုးရိုက်)**
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်-၁	5-Sports
၇း၃၀	ပွဲကြိုသုံးသပ်ချက်-၂	5-Sports (Live)
၈း၂၅	Man Utd-West Ham	5-Sports (Live)
	Sheffield-Wigan	5-Series (Live)
	Liverpool-Charlton	5-Cartoons (Live)
၁၀း၃၀	Portsmouth-Arsenal	5-Series (SDD)
၁၁း၀၀	Liverpool-Charlton	5-Sports (SDD)

အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကြည့်ရှုလေ့လာ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta နှင့်ဇနီး ဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့်ဇနီး၊ တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် မေ၁၀ရက် နံနက်၁၁နာရီတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ မွန်းလွဲ၁၂နာရီခွဲတွင် ပြင်ဦးလွင် အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများကပြင်ဦးလွင်အနီးစခန်းလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပါမောက္ခချုပ်ဗိုလ်မှူးချုပ်ဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော် နည်းပညာတက္ကသိုလ်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက တက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။ ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီးနောက် တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ဧည့်သည်တော်အဖွဲ့ဝင်များသည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စစ်တက္ကသိုလ်သို့ ရောက်ရှိကြရာ စစ်တက္ကသိုလ်ဧည့်ခန်းမ၌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စစ်တက္ကသိုလ်မှ ဗိုလ်မှူးမြင့်ဇေယျာက ကျောင်း၏သမိုင်းကြောင်းနှင့် သင်ကြားလေ့ကျင့်ရေးဆိုင်ရာ သိကောင်းစရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

အမှတ်တရ

ထို့နောက် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စစ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta ဦးဆောင်သော အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီး ဥယျာဉ်သို့ ရောက်ရှိကြရာ ပြင်ဦးလွင်ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဧည့်သည်တော်အဖွဲ့ဝင်များသည် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အပြန်အလှန်ပေးအပ်

ယင်းနောက် အိန္ဒိယရေတပ် ဦးစီးချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးမောင်ချစ်နှင့် အိန္ဒိယရေတပ် ဦးစီးချုပ်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မန္တလေးတောင် ဆုတောင်းပြည့်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများထည့်ဝင်လျက် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ယင်းနောက် မန္တလေးမြို့၏ နေဝင်ဆည်းဆာအလှနှင့် ရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာကြပြီး မော်တော်ယာဉ်များဖြင့် မန္တလေးမြို့ ကျုံး၏အလှကိုလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ညစာသုံးဆောင်အပြီးတွင် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးနှင့် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီးတို့သည် လက်ဆောင်ပစ္စည်းများကိုအပြန်အလှန်ပေးအပ်ကြသည်။ မေ၁၁ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်လှည့်လည် ကြည့်ရှုလေ့လာပြီး မန္တလေးတိုင်း သမဝါယမအသင်းစု ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်သို့ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေး မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။ ယင်းနောက် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ကြသည်။

ပုဂံညောင်ဦး

ဆက်လက်၍ ဧည့်သည်တော်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပုဂံညောင်ဦးသို့ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ပုဂံညောင်ဦး လေဆိပ်သို့ ရောက်ရှိကြပြီး ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာခဲ့

ရှေးဦးစွာ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်များသည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ပုဂံမြို့သစ် လမ်းမတော်ရှိ ဦးဘငြိမ်း ယွန်းထည်ဆိုင်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုမှတစ်ဆင့် အာနန္ဒာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ညနေ၅နာရီတွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ပုဂံမျှော်စင်မှ ပုဂံယဉ်ကျေးမှုနယ်မြေ၏ နေဝင်ဆည်းဆာအလှကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ညပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီးတို့က Aureum Place Hotel၌ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မေ၁၂ရက် နံနက်ပိုင်းတွင် အိန္ဒိယ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပုဂံညောင်ဦး လေဆိပ်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပုဂံညောင်ဦး လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပုဂံညောင်ဦးမြို့ရှိ ပုဂံမျှော်စင်မှ ပုဂံမြို့ရှုခင်းကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအတွက် နှိုးဆော်ချက်

၁။ **မိုးဦးကျနှင့် မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။**
- (က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊
- (ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ **ဖြစ်ပွားရသည့်အကြောင်းရင်းများမှာ–**
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကိုစားသုံးခြင်း၊
- (ဂ) မိုးရွာပြီး ရေတင်ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့်အလေ့အကျင့် အားနည်းခြင်း။

၃။ **အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန်၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကိုကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတု အပူအအေးအပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာ ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မီးသတ်ဦးစီးဌာနမိသားစုဝင် သား သမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်

ရန်ကုန် မေ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်သား သမီးများအား ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို မေ၁၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) သီတာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်း အတွင်းရှိ မီးသတ်ဦးစီးဌာနများမှ အရာရှိများ၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှတပ်ဖွဲ့ဝင်များ၊ အထက်မြန်မာပြည် ကွပ်ကဲမှူးရုံးနှင့် အောက်မြန်မာပြည် ကွပ်ကဲမှူးရုံးတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်သား သမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဗဟိုမီးသတ် သင်တန်းကျောင်း၊ နေပြည်တော် မီးသတ်ဦးစီးဌာန၊ အထက်မြန်မာပြည် ကွပ်ကဲမှူးရုံး၊ အောက်မြန်မာပြည်ကွပ်ကဲမှူးရုံး၊ ဦးစီးဌာနခွဲ၊ စီမံရေးရာဌာနခွဲ၊ ထောက်ပံ့ရေးဌာနခွဲ၊ ငွေစာရင်းဌာနနှင့် ဌာနချုပ်စခန်းရုံးတို့မှ တပ်ဖွဲ့ဝင်များ၏ သား သမီးများအတွက် ပညာသင် ထောက်ပံ့ကြေးငွေများကို သက်ဆိုင်ရာ ဌာန ကိုယ်စားလှယ်များအား ပေးအပ်ပြီး ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဦးသောင်ဇင် (ကျောင်းအုပ်ကြီး ဗဟိုမီးသတ်သင်တန်းကျောင်း)၏ သမီးဖြစ်သူ ခြောက်ဘာသာ ဂုဏ်ထူးရှင် မဆုနွဲ့ဇင်နှင့် လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ပြု ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

အခမ်းအနားတွင် တက္ကသိုလ်အဆင့်၃၄ဦးတို့အား တစ်ဦးလျှင် ငွေကျပ်၂၀၀၀၀နှင့် ဂုဏ်ထူးရှင်များအား တစ်ဘာသာလျှင် ငွေကျပ်၁၀၀၀၀စီ၊ အခြေခံပညာအထက်တန်းအဆင့်၅၁ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ အခြေခံပညာအလယ်တန်းအဆင့်၁၂၄ဦးနှင့် အခြေခံပညာမူလတန်းအဆင့် ၁၅၇ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀တို့ဖြင့် မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များ၏ မိသားစုဝင် သားသမီး စုစုပေါင်း၃၆၆ဦးတို့အတွက် ပညာသင် ထောက်ပံ့ကြေး ငွေကျပ်၄၃၉၅၀၀၀ကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပင်လုံမြေ ဝိသေသ သဒ္ဓမ္မပါလ

ဝိသေသအဖုံဖုံ မြို့ပင်လုံ

ပင်လုံမြေသည် ဝိသေသအဖုံဖုံတို့ကြောင့် မွေးထုံရနံ့ သင်းပျံ့ရာမြေဖြစ်၏။ ကြည့်ပါ။

အမျိုးသားရေး ရှုထောင့်မှကြည့်လျှင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား အားလုံးတို့၏ စည်းလုံးညီညွတ်သော ညီရင်းအစ်ကိုစိတ်ဓာတ်ကို ထင်ဟပ် ဖော်ညွှန်းသည့် ပင်လုံစာချုပ်သည် မြန်မာ့သမိုင်းဝင်၊ ကမ္ဘာ့သမိုင်းဝင် ဖြစ်ခဲ့ပြီ။ ယင်းပင်လုံစာချုပ် ချုပ်ဆိုရာ အထိမ်းအမှတ်ပြည်ထောင်စု ကျောက်တိုင်သည်လည်း သမိုင်းနှင့်အတူ တည်ရှိနေလေပြီ။ လူမှုရေးရှုထောင့်မှကြည့်လျှင် နှစ်စဉ်၊နှစ်တိုင်း နတ်တော်လထဲမှာ ကျင်းပလေ့ရှိသည့် ရှမ်းရိုးရာကောက်သစ်စားပွဲသည် ပင်လုံမြေ၏ ဝိသေသတစ်ခုအဖြစ် ထင်ဟပ်လျက်ရှိ၏။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ မြို့ခံတိုင်းရင်းသားပေါင်းစုံများသာမက အနယ်နယ်အရပ်ရပ်မှပါ လာရောက်ဆင်နွှဲသည့် မေတ္တာရည် ချစ်ကြည်ပွဲတော်ဖြစ်ပါ၏။

ရှေးဟောင်းယဉ်ကျေးမှု ရှုထောင့်မှကြည့်လျှင် ရှေးဟောင်းအမွေအနှစ်များဟုဆိုရမည့် မွေတော် ဟိုနားဘုရားစုများနှင့် ကောင်းမက်မော်ဘုရားစုများ တည်ရှိလျက် ထိုဘုရားစုများမှ ပျူခေတ်လက်ရာဖြစ်သည့် အဝိုင်းပုံပါ အုတ်ချပ်များတွေ့ရှိခဲ့သည်ကို ထောက်ဆလျှင်သော်လည်းကောင်း၊ ပင်လုံမြေနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မိုင်းကိုင်နှင့် ဟိုပုံးဒေသများ၌ တွေ့ရှိရသော ပျူအုတ်ခွက်ဘုရားများ၊ လက်စင်းရာပါ အုတ်ခွက်များကို ထောက်ဆလျှင်သော်လည်းကောင်း ဤဒေသတစ်ကြော၌ နှစ်ပေါင်းထောင်ချီကာ ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း ခိုင်လုံစွာ တွေ့မြင်ကြရပါသည်။

ယနေ့ တပ်မတော်အစိုးရခေတ်တွင် ကမ္ဘာတည်သရွေ့ တည်နေမည့် မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီတော်ကြီး တည်ထားကိုးကွယ်နိုင်သည်သာမက ထည်ဝါခံ့ညားစွာသော ပင်လုံတက္ကသိုလ်ကြီးကို တည်ထောင်ဖွင့်လှစ်ပေးကာ ဘာသာရပ်ဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများကို ပို့လွှတ်၍ ဒေသခံရင်သွေးငယ်များ ကိုယ့်ဒေသမှာပင် အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်စေရေး နိုင်ငံတော်က အားပေးလျက်ရှိသည်မှာ ပစ္စက္ခဝိသေသများ ဖြစ်လျက်ရှိ၏။

ယင်းအပြင် သာသနာရေးရာ ပရိယတ္တိကဏ္ဍကိုကြည့်လျှင် ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းတိုက်ကြီး၌ နှစ်စဉ်မပျက်ကျင်းပနိုင်ခဲ့ပြီး ယခုအခါ ရွှေရတုအကြိုကာလသို့ လှမ်းလာနေပြီဖြစ်သော ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်/စာမေးပွဲတော်ကြီးကို တွေ့မြင်ရလျက်ရှိပါသည်။

သဒ္ဓမ္မပါလ ဝိသေသ

ကောဇာ ၁၃၂၀ပြည့်နှစ်တွင် ပထမအကြိမ်အဖြစ် ပင်လုံမြို့၌ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲကို စတင်ကျင်းပလာခဲ့ကြရာ ယခုကောဇာ ၁၃၆၉ခုနှစ်၌ ရွှေရတုအကြိုကာလ ဆိုက်ခဲ့ပါပြီ။ ဤကာလများတစ်လျှောက် ယင်းပရိယတ္တိ သဒ္ဓမ္မပါလစာမေးပွဲဟူသော လှေကားထစ်များမှ တစ်ထစ်ပြီးတစ်ထစ် တက်လှမ်းလာကြရင်း အစိုးရပထမပြန်စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲများအထိ အောင်မြင်စွာ လှမ်းတက်နိုင်ကြသဖြင့် ဓမ္မာစရိယဘွဲ့ရအရှင်မြတ်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် တက္ကသီလ ဓမ္မာစရိယ (B.A)၊ တက္ကသီလ မဟာဓမ္မာစရိယ (M.A) ဘွဲ့ရအရှင်မြတ်များ အများအပြား ပေါ်ထွန်းလာလျက်ရှိသလို ယင်းစာမေးပွဲ၌ ချစိုက်အပ်သော ပရိယတ္တိမျိုးစေ့များမှ အပင်များ ရှင်သန်စွာပေါက်ရောက်လာပြီး စာသင်တိုက်များအဖြစ်၊ ကမ္မဋ္ဌာန်းတိုက်များအဖြစ်တည်ထောင်နိုင်ကြသည့် အရှင်မြတ်များလည်း အများအပြားပေါ်ထွန်းလာကြကာ ရှမ်းပြည်နယ် (တောင်၊ မြောက်၊ အရှေ့)သာမက မြန်မာနိုင်ငံတစ်နံတစ်လျားအထိ ကျရာသာသနာ့တာဝန် အားသွန်ကြိုးပမ်း ထမ်းရွက်နေကြသော အရှင်မြတ်များပါ ဒေသအနှံ့ ဖြစ်ထွန်းနေကြပါကုန်ပြီ။

ရှေးဦးပထမ မှုန်ပျပျ

ဟို--လွန်ခဲ့သော ၄၉နှစ်၊ ကောဇာ ၁၃၂၀ ပြည့်နှစ် ပထမအကြိမ်စတင်ကျင်းပစဉ်ကတော့ ဖြေဆိုသူ ရဟန်းသာမဏေများ ၁၂ပါးမျှသာ ရှိခဲ့ပါ၏။ ယင်း၁၂ပါး ဖြေဆိုနိုင်ဖို့ကိုပင် သက်ဆိုင်ရာ ဆရာတော်များ ပြင်းပြင်းပြပြ လုံးပန်းခဲ့ကြရပါ၏။

စာမေးပွဲကျင်းပနိုင်ရေးအတွက် ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲကျင်းပရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ် မိုင်းရှူးဆရာတော်၊ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် မိုင်းနောင်ဆရာတော်တို့က တာဝန်ယူကာ အကျိုးတော်ဆောင် (အတွင်းရေးမှူး) ဆရာတော်အဖြစ် ပင်လုံမင်္ဂလာမွေတော်ဆရာတော်က တာဝန်ယူပြီး အဖွဲ့ဝင်ဆရာတော် အပါး ၂၀ တို့ဖြင့် နှစ်စဉ်မပျက် တိုးတက်ကျင်းပနိုင်ရေး အားမွေးခဲ့ကြရပါကုန်၏။

ယနေ့ကာလ ဝင်းပပ

ထိုမှ ကာလအလျဉ်ကို တစ်နှစ်ပြီးတစ်နှစ် ဖြတ်သန်းလာရင်း တစ်ထစ်ပြီးတစ်ထစ် တက်လှမ်းလာနိုင်ကာ ယနေ့ရွှေရတုအကြိုနှစ်၌မူ စာဖြေရဟန်း သာမဏေပေါင်း ၉၂၆ ပါးအထိ ရှိလာနေပါပြီ။ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊နာယကဆရာတော်ကြီးများ၊ကျင်းပရေးနှင့် ကြီးကြပ်ရေးဆရာတော်များ၊ ပုစ္ဆက(စစ်/မေး)ဆရာတော်များ၊ အထောက်အကူပေး ဆရာတော်များနှင့်ပေါင်းလျှင် သံဃာပေါင်းထောင်ကျော် ပင်လုံမင်္ဂလာမွေတော်မှာ ရွှင်ပျော်အားတက်စွာ သာသနာ့အကျိုး သည်ပိုးနေကြပါကုန်ပြီ။ စာမေးပွဲ ရက်သတ္တပတ်အတွင်း ထိုထောင်ကျော် သံဃာတော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း မပြတ်တမ်း သဒ္ဓါရွှင်လန်း စိတ်ပြဋ္ဌာန်း လှူဒါန်းဆက်ကပ်ကြသော ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပင်လုံမြို့ခံ စေတနာရှင်များနှင့်လွိုင်လင်ခရိုင် ဒေသခံစေတနာရှင်များကလည်း သာသနာတော်ကို ကြည်ညိုလေးမြတ် ဓာရဟာတ် မပြတ်လည်နေကြပါကုန်ပြီ။ ဆရာဒကာ ညီညွတ်စွာ၊ သူ့တာ ကိုယ့်တာ ကျေပွန်စွာ၊ အမျိုးဘာသာ သာသနာ၊ ဖြာဖြာကောင်းကျိုး တိုးစိမ့်ငှာ၊ နိုင်ရာနိုင်ရာ ထမ်းကြတာ၊ အစဉ်အလာ ပြည်မြန်မာ။

ရှမ်း(တောင်)၏ ဂုဏ်တြိဂံ

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပရိယတ္တိသာသနာအကျိုးပြု စာမေးပွဲကြီးနှစ်ပွဲ ဖြစ်ထွန်းလျက်ရှိပြီး နောက်ထပ် တစ်ပွဲလည်း တိုးလာလျက်ရှိ၏။ ရှမ်း(တောင်)၏ တြိဂံမျက်နှာပြင် ဖြစ်ပါသည်။

ရတနာစည်ဆရာတော် (လွိုင်လင်)

ပထမစာမေးပွဲမှာ ညောင်ရွှေမြို့ ဝိနယာဒါနုဂ္ဂဟ စာပြန်/ဖြေပွဲတော်ဖြစ်၏။ ကောဇာ ၁၂၉၇ ခုနှစ်မှ စတင်ခဲ့သဖြင့် စိန်ရတုသို့ နီးနေပြီ။ ဒုတိယစာမေးပွဲမှာ ယခုပင်လုံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်/ဖြေပွဲတော်ဖြစ်၏။ ရွှေရတုသို့ ချီနေပြီ။ အခြားစာမေးပွဲမှာ တောင်ကြီးမြို့ သာမဏေကျော် စာမေးပွဲဖြစ်၏။ ၁၀စုနှစ်တစ်ခုသို့ ချဉ်းနေပြီ။ ယင်းအပြင် ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲနှင့် နိကာယ်ငါးရပ်စာမေးပွဲတို့သည်လည်း နိုင်ငံတော်အဆင့်အဖြစ် ထွန်းကားလျက်ရှိပါသည်။

ယင်းပရိယတ္တိ သဒ္ဓမ္မပါလစာမေးပွဲ ရွှေရတုအကြိုကာလမှ စ၍ အနာဂတ်ကာလတစ်လျှောက်လုံး ထွန်းလင်းတောက်ပနေစေဖို့ ပင်လုံမြို့ ပိဋကတ် ရှမ်းဘာသာပြန်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တဉာဏသမ္ဘာရ(အဂ္ဂမဟာပဏ္ဍိတ) အမှူးပြုသော နာယကဆရာတော်ကြီးတို့သည်လည်းကောင်း၊ ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသောဘိတ (အဂ္ဂမဟာပဏ္ဍိတ) အရှင်သူမြတ်က ဥက္ကဋ္ဌ၊ လွိုင်လင်မြို့ သာသနဝိပုလဓာတ်တော်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပညာနန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်က အကျိုးတော်ဆောင် အတွင်းရေးမှူးအဖြစ် အဖွဲ့ဝင်ဆရာတော် အပါး ၂၀ တို့သည် လည်းကောင်း၊ ဆတက်ထမ်းပိုး အားကုန်ရှိုး၍ အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိနေကြသလို ဒေသခံ ရဟန်း သာမဏေများ၊ ဒါယကာ၊ ဒါယိကာမများတို့ကလည်း ဗုဒ္ဓမြတ်စွာသာသနာ ရှည်ကြာခိုင်ခံ့ တည်တံ့ပြန့်ပွားရေး အားပေးလျက် ရှိကြပါကုန်၏။

ယခု ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်မှ ၁၅ ရက်အထိ ၈-၅-၂၀၀၇မှ ၁၅-၅-၂၀၀၇အထိ ရွှေရတုအကြို ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲ ဆင်နွှဲကြကာ သာသနာတည်တံ့ပြန့်ပွားရေး အားပေးနေကြပါကုန်ပြီ။

တည်တံ့ပြန့်ပွားခြင်း အကြောင်းရင်းတရား

ဤတွင် ကောက်နုတ်ချက်တစ်ခု ဖော်ပြလိုပါ၏။ (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ မိန့်မြွက်တော်မူသော ဩဝါဒ ကောက်နုတ်ချက်ဖြစ်ပါသည်။

“သာသနာတည်တံ့ခြင်း အကြောင်းရင်းငါးပါးကတော့–

၁။ ရဟန်းတော်များ တရားတော်ကို ရိုသေစွာနာယူခြင်း၊

၂။ တရားတော်ကို ရိုသေစွာ သင်ယူခြင်း၊

၃။ တရားတော်ကို ရိုသေစွာ ဆောင်ထားခြင်း၊

၄။ ဆောင်ထားအပ်သည့် တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဆင်ခြင်ခြင်း၊

၅။ တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း ရိုသေစွာလိုက်နာကျင့်သုံးခြင်း

ဟူသော အကြောင်းတရား(၅)မျိုးဖြစ်ပါတယ်ဘုရား။

သာသနာတည်တံ့ခြင်း အကြောင်းတရား ငါးပါးတို့တွင် တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း မလိုက်နာမကျင့်သုံးကြလျှင် မလိုက်နာမကျင့်သုံးအပ်သော တရားတော်သည် မိမိသန္တာန်မှာမတည်ဘဲ ကွယ်ပျောက်နေသည်ကို သတိပြုရမှာဖြစ်။ တရားသဘောတွေကို သိပြီးသည့်အခါ သိပြီးသောတရားတော်များကို တတ်နိုင်သမျှ မိမိတို့ကိုယ်တိုင် ကျင့်သုံးခြင်း၊ တပည့်တပန်း ရဟန်း သာမဏေများကိုလည်း တွင်တွင်ကျယ်ကျယ် ပို့ချခြင်း၊ သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းကြတဲ့ ဒါယကာ ဒါယိကာမများကိုလည်း ဟောပြောခြင်းတို့ကို ပြုလုပ်ကြပါမှ သာသနာတော် တည်တံ့ပြန့်ပွားနိုင်။

ပရိယတ္တိဟုဆိုအပ်သော ဘုရားဟောဒေသနာတော်များ ကွယ်ပမသွားစေရန် မူရင်းပါဠိတော်ကို တစ်နိုင်ငံလုံး အတိုင်းအတာအရ မြန်မာစာပေ၊ မြန်မာစကားနှင့်ယှဉ်တွဲ၍ သင်ယူ ပို့ချလျက်ရှိသလို ဒေသအလျောက် ဒေသိယစာပေစကားတို့နှင့် ယှဉ်တွဲ၍ သင်ယူ ပို့ချလျက်ရှိကြသည်မှာ ဒေသတိုင်းရင်းသားတို့၏ စာပေ၊ စကား၊ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ပုံရိပ်များဖြစ်ပါ၏။ ရှမ်းစာပေ၊ ရှမ်းစကားမှ တစ်ဆင့်၊ သို့မဟုတ် မွန်စာပေ၊ မွန်စကားမှ တစ်ဆင့် တစ်နိုင်ငံလုံး သုံးစွဲသော မြန်မာစာပေ၊ မြန်မာစကားအထိ ကျယ်ပြန့်လာသည့် အနှစ်သာရဖြစ်ပါ၏။

သဒ္ဓမ္မပါလ ဝိသေသ

ယခုပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းတိုက်ကြီး၌ ကျင်းပအပ်သော ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲသည် ဘုရားဟော ပါဠိပိဋကတ်ကို ရှမ်းဘာသာစာပေဖြင့် ပြန်ဆိုထားသည့် ပိဋကတ်ရှမ်းဘာသာပြန်ကျမ်း စာအုပ်ကြီးများ စာတိုက်ဗီရိုထဲမှာ အိပ်ပျော်နေမည့် ကျမ်းအိပ်များ မဖြစ်စေမူဘဲ စာချ၊ စာသင်တို့လက်ထဲမှာ အမြဲနိုးထလှုပ်ရှားနေမည့် ကျမ်းနိုးများ ဖြစ်နေစေဖို့ ယင်းပိဋကတ် ရှမ်းဘာသာပြန်ကျမ်းအကြီးများသို့ ဦးတည်ထားသော စာမေးပွဲဖြစ်ပါသည်။ ပါဠိဘာသာနှင့် ရှမ်းဘာသာနှစ်မျိုးဖြင့် ဖြေဆိုကြရပါ၏။ အဆင့်(၇)ဆင့် ပိုင်းခြားထားပြီး နောက်ဆုံးအဆင့်အောင်မြင်လျှင်“ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ”ဘွဲ့တံဆိပ် ချီးမြှင့် ခံယူရပါသည်။

“သာသနာတည်တံ့ခြင်း အကြောင်းတရားငါးပါးတို့တွင် တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း မလိုက်နာ မကျင့်သုံးကြလျှင် မလိုက်နာ မကျင့်သုံးအပ်သောတရားတော်သည် မိမိသန္တာန်မှာ မတည်ဘဲ ကွယ်ပျောက်နေသည်ကို သတိပြုရမှာဖြစ်ပါတယ်။ တရားသဘောတွေကို သိပြီးသည့်အခါ သိပြီးသော တရားတော်များကို တတ်နိုင်သမျှ မိမိတို့ကိုယ်တိုင် ကျင့်သုံးခြင်း၊ တပည့်တပန်း ရဟန်း သာမဏေများကိုလည်း တွင်တွင်ကျယ်ကျယ် ပို့ချခြင်း၊ သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းကြတဲ့ ဒါယကာ ဒါယိကာမများကိုလည်း ဟောပြောခြင်းတို့ကို ပြုလုပ်ကြပါမှ သာသနာတော် တည်တံ့ပြန့်ပွားနိုင်မှာ ဖြစ်ပါတယ်ဘုရား”

(၂၅-၁၂-၂၀၀၆ ထုတ် သတင်းစာများ)။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဩဝါဒကို ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲ ပြန်ဆိုဖြေဆိုကြသော ရဟန်းသာမဏေများလည်း အမြဲနှလုံးသွင်းကာ မိမိတို့သည် တရားတော်တည်းဟူသော ပရိယတ္တိဓမ္မကို ရိုသေစွာနာယူ၊ သင်ယူ ဆောင်ထားကြသည့်ပြင် အနက်အဓိပ္ပာယ်ကို ကောင်းစွာသိရှိကြပြီး သိရှိသောအတိုင်း မဆိုင်းမဖင့် ကျင့်သုံးသူများဖြစ်ကြလျက် ဒါယကာ ဒါယိကာမတို့အား ဆင့်ပွားသိစေရေး အားမွေးကြိုးပမ်းရင်း ပင်လုံမြေ ဝိသေသ သဒ္ဓမ္မပါလကို ကာလနှစ်ပေါင်း ထောင်သောင်းတည်တံ့အောင် မတန့်မနား လုံ့လထား ကြိုးစားအပ်ကြပါကုန် သတည်း။ ။

ရန်ကုန်မြို့တော်ဝန်ကွင်းဆင်း လုပ်ငန်းများစစ်ဆေး သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး အလေးထားရန် မှာကြား

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးသည်။

သာကေတမြို့နယ်

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက်ပိုင်းတွင် သာကေတမြို့နယ်၊ ဧရာဝဏ်လမ်းသို့ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်စိုး၊ ဦးညီညီနှင့် တာဝန်ရှိသူများက ဧရာဝဏ်ရိပ်သာရှေ့ရှိ ငမိုးရိပ်ချောင်းသို့ စီးဝင်သည့် အမှတ်(၁၄) မြစ်ထွက်ပေါက် ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စည်ပင်သာယာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ ရွှံ့နွံများဆယ်ယူနေမှုနှင့် ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ မြစ်ထွက်ပေါက် ရေနုတ်မြောင်း၏ ရေစီးဆင်းမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရန်ကင်းမြို့နယ်

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်ကင်းမြို့နယ် အင်ကြင်းမြိုင်လမ်းရှိ အရှည် ၁၈ ပေ၊ အကျယ် ၁၅ ပေရှိ ကံဘဲ့ချောင်းဖြတ်ကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် ကံဘဲ့ချောင်း ရေစီးဆင်းမှုအခြေအနေများကိုလည်းကောင်း၊ လမ်းအရှည်ပေ ၁၈၀၀၊ အကျယ်၁၄ ပေရှိ ရန်ကင်းမြို့နယ် ကျောက်ကုန်းလမ်း ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး မြို့တော်ဝန်က အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ကမာရွတ်မြို့နယ်

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ ပြည်လမ်းတံတားဖြူသို့ သွားရောက်ပြီး ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်အကြားရှိ ကမာရွတ်ချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရွှံ့နွံနှင့်သဲများ ဆယ်ယူရှင်းလင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြကာ မြို့တော်ဝန်က မြို့တော်သန့်ရှင်း သာယာလှပ၍ ကျန်းမာရေးနှင့်ညီညွတ်သော မြို့တော်ကြီးဖြစ်စေရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် အမှတ် ၄၉၊ တရုတ်ကျောင်းလမ်းနေ မိခင်ကြီး ဒေါ်သန်းရွှေအား ရည်စူး၍ သမီး ဒေါ်ခင်မြ၊ ဒေါ်ကြင်မြမိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၃-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "ဦးဦးပင်လယ်"
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသ သတင်း
- ၆:၂၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၅၀)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ English Premier League ဘောလုံးပွဲ Portsmouth Vs Arsenal (SDD)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ခုနှစ် မေလအတွက်

၁၃-၅-၂၀၀၇ ရက်နေ့

နှင့်

၂၇-၅-၂၀၀၇ ရက်နေ့

မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်း အောင်ဗောဓိစေတီတော် ဌာပနာပိတ်ပွဲ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိ တက္ကသိုလ်ကျောင်းတိုက်အတွင်း ကျောင်းတိုက်တည် အာဒိကမ္မိကဆရာတော် ဘဒ္ဒန္တသုဇာတ အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်သော အောင်ဗောဓိ (ဗောဓိဇယ)စေတီတော်မြတ်၏ အထက်ဌာပနာတော်ပိတ်ပွဲ မင်္ဂလာအခမ်းအနားကို (၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက်) မေ ၁၅ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ စေတိယသန္တက အဖြစ် ဓာတ်တော်၊ မွေတော်၊ ဆင်းတုတော် အစရှိသည့် ဌာပနာပစ္စည်းများကို ထည့်သွင်းလှူဒါန်း ပူဇော်လိုသူများသည် မေ ၁၄ ရက် နောက်ဆုံးထားပြီး မိမိတို့ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို ကျောင်းတိုက်သို့ အရောက်ပို့ဆောင်ပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၇ ရပ်ကွက် ကျောင်းကုန်း(၁) လမ်းသွယ်နေ မောင်ထွန်းထွန်းနိုင်အား ရည်စူး၍ ဦးလှမြင့်၊ ဒေါ်ရင်မြ မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင် ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကိုယ်ပိုင်စာကြည့်တိုက်များ ထူထောင်ရေးနှင့် စာအုပ်ထိန်းသိမ်းရေး နည်းစနစ်ရှင်းလင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးစိုင်းသာလှိုင်နှင့် ဝန်ထမ်းများသည် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ကုန်းသာကျေးရွာ၊ စံဖိတ်ကျေးရွာနှင့် ဘော်ကြိုကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက်များသို့ သွားရောက်၍ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကိုယ်ပိုင်စာကြည့် တိုက်များထူထောင်ရေး၊ စာအုပ်များတိုးပွားရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဆွေးနွေးကြောင်း သိရသည်။ **(၃၀၆)**

မိတ္ထီလာခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး လူငယ်ရေးရာ ရွာစဉ်တိုက်လှုပ်ရှားမှုဖွင့်ပွဲကျင်းပ

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် လူငယ်ရေးရာ ရွာစဉ်တိုက်လှုပ်ရှားမှု(ခါနွေဦးကာလ) ဒေသအဆင့်ကြံ့ခိုင်ရေး သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက်၉ နာရီက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးခင်မောင်ဌွေး နှင့် ခရိုင်ဥက္ကဋ္ဌဦးမြင့်သန်းတို့က အမှာစကားပြောကြားကြပြီး မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် လူငယ်ရေးရာ တာဝန်ခံဦးတင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသားသင်တန်းသူ ၁၅၀ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကလေးပျော်ကျောင်းဆိုင်ရာ လေ့လာကြီးကြပ်ခြင်းလုပ်ငန်း မြို့နယ်အဆင့် ဆွေးနွေးပွဲ ဟိုပုံး၌ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း)ဟိုပုံးမြို့ မြို့နယ်ပညာရေးဌာနက ကြီးမှူးကျင်းပသော အရည်အသွေးရှိသော ပညာရေး ကလေးပျော်ကျောင်းဆိုင်ရာ လေ့လာကြီးကြပ်ခြင်းလုပ်ငန်း မြို့နယ်အဆင့် ဆွေးနွေးပွဲကို မတ် ၂၇ ရက်မှ ၂၉ ရက် အထိ အမက-(၁)တွင် ကျင်းပရာ မြို့နယ်အတွင်းရှိ မူလတန်းကျောင်းအုပ် ၁၄၀တက်ရောက်ကြပြီး ဆွေးနွေးပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် မြို့နယ် ပညာရေးမှူးတို့ တက်ရောက် အမှာစကားပြောကြားကြသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်းသတင်း

အတိုအထွာ

စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး ဆွေးနွေး

လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်စန်းစန်းမြင့်၊ စာထောက်-၃ ဒေါ်သက်ဇွန်ဖြိုးတို့သည် ဧပြီ ၂၈ ရက်က ထောင်းနီအရဏ်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ ကညွှံကျွန်းဘဝ အလင်းတန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ လေးသွန်းခံ ဗထူး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှိ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး ရေရှည်လုပ်ငန်းစဉ်(၅)ရပ်တို့ကို ရှင်းလင်းဆွေးနွေးခြင်းနှင့် စာကြည့်တိုက်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝက်သက်ရောဂါ ကာကွယ်ရေး အသိပေး ဆွေးနွေးဟောပြော

မကွေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဝက်သက်ရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပေး ဟောပြောပွဲကို ဧပြီ ၁၃ ရက်က မြို့ဟောင်း ရပ်ကွက်၌ ကျင်းပရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်က အမှာစကား ပြောကြားပြီး ဒေါက်တာဦးဝင်းမြတ်အေးက ဝက်သက်ရောဂါအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်များ တည်တံ့ရေး ဆွေးနွေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ကလေးခရိုင်ရုံးသည် ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးဟောပြောပွဲကို ကလေးမြို့နယ် ထိမာကျေးရွာအုပ်စု နဂါးပွတ်ကျေးရွာ၌ ဧပြီ ၆ ရက် နံနက် ၁၁ နာရီက စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးရွှေကြီးနေအိမ်၌ ကျင်းပရာ ဒုတိယဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ဆွေးနွေးပြီး ဖေဖော်ဝါရီ၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ချစ်နိုင်(စိတ်ပညာ)၏ ကျေးလက်ကိုအခြေခံကြရမည်ဟူသော ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြစ်ကြီးနား ပြည်ထောင်ကျေးရွာ စိမ့်စမ်းရေသွယ် လုပ်ငန်းဆောင်ရွက်

မြို့နယ်တာဝန်ခံ အရာရှိ ဦးဇော်မိုးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့သည်၂၀၀၆-၂၀၀၇ ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသွားသော မြစ်ကြီးနားမြို့နယ် ပြည်ထောင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်း အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလုပ်ငန်းသည်ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးသော လုပ်ငန်းများဖြစ်ပြီး ပြည်ထောင် ကျေးရွာနေ အိမ်ထောင်စု ၁၄၀ သုံးစွဲနိုင်ကြောင်း သိရသည်။ (မြို့နယ်/စည်ပင်)

13-5 (05) 1 5/12/07, 1:56 PM

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် အစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့ကြီးဖြစ် အဖွဲ့ကြီးယုံကြည်လက်ခံထားသည့် နိုင်ငံရေးသဘောတရား၊ နိုင်ငံရေးလမ်းစဉ်သည် အမျိုးသားနိုင်ငံရေးသဘောတရား၊ အမျိုးသားနိုင်ငံရေးလမ်းစဉ်ဖြစ်၍မှန်မြတ်လှ

နေပြည်တော် မေ ၁၂

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို မေ၇ရက် နံနက် ၁၀နာရီ ၁၅မိနစ်က ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) အဆင့်မြင့်စည်းရုံးရေး သင်တန်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ကြီးဖြစ်၍ အဖွဲ့ကြီး၏ ယုံကြည်လက်ခံထားသည့် နိုင်ငံရေးသဘောတရား၊ နိုင်ငံရေးလမ်းစဉ်သည်လည်း အမျိုးသားနိုင်ငံရေးသဘောတရား၊ အမျိုးသားနိုင်ငံရေးလမ်းစဉ်ဖြစ်၍ မှန်မြတ်လှပါကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားနိုင်ငံရေးလုပ်ငန်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ လူမှုရေးသက်သာချောင်ချိရေးလုပ်ငန်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းစသည့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယနေ့နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာစေရေးအတွက် တပ်မတော်နှင့် ပြည်သူနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်သွားကြရန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူ၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ဆောင်ရွက်ရန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို မိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)၌ ဖွင့်လှစ်သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အဆင့်မြင့် စည်းရုံးရေး သင်တန်းအမှတ်စဉ်(၁၁/၂၀၀၇)တွင် မန္တလေးတိုင်းမှ သင်တန်းသား ၁၄ဦး၊ စစ်ကိုင်းတိုင်းမှ ကိုးဦး၊ ကချင်ပြည်နယ်မှ ခြောက်ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ခြောက်ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ နှစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရှစ်ဦး၊ ကယားပြည်နယ်မှ တစ်ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၇ရက်မှ ဇွန် ၁ရက်အထိ ဖြစ်ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် ခုနစ်မိုင်ရွာတန်းရှည် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ကျောင်းဆောင်တော်ကြီးအတွက် မရမ်းကုန်း (၇)ရပ်ကွက် နီကောလမ်းနေ ဦးသန်းတင်–ဒေါ်ခင်သန်းရီမိသားစုက ပထမအရစ် အလှူငွေကျပ် ၁၀သိန်းကို ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရှင် ၁၀၈ ပါး သာသနာ့ဘောင်သွတ်သွင်းမည်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘာ့ဇရိပ်သာ 7/P-1နေ ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်–ဒေါက်တာတင်တင်အောင် မိသားစုတို့က မိခင်ကြီး ဒေါ်မြကြည်အား အမှူးထား၍ ဖခင်ကြီး ဒေါက်တာဦးသိန်းအောင်အား ရည်စူးလျက် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် ၁၀လမ်းရှိ မေတ္တာဝါဒီဟာသ်ာတ (ပရဟိတ) ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သီလာနန္ဒထံ မေ ၁၆ရက်တွင် ဒုလ္လဘရဟန်းရှစ်ပါး၊ ရှင်အပါး၁၀၀ ရဟန်းခံ၊ ရှင်ပြုပွဲပြုလုပ်မည်ဖြစ်ရာ နံနက်၉နာရီတွင် သိမ်ဆင်းသံဃာ ၁၅ပါးအား သိမ်ဆင်းလောင်းလှူပြီး ရေစက်ချအနုမောဒနာတရား နာကြားမည်ဖြစ်ကြောင်းသိရသည်။**(က–ပ)**

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံရှိ ကွင်းအမှတ် ၅၁၀ တွင် စိုက်ပျိုးထားသည့် ပင်ပွားနှုန်း တစ်ပင်လျှင် ၁၅ပင်မှ ပင်၃၀အထိ ရှင်သန်ဖြစ်ထွန်းနေသည့် သက်တမ်း ၃၆ရက်ရှိ ဆင်းနွယ်ရင် အထွက်တိုး စပါးစိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စပါးစိုက်ခင်းနှင့် ပတ်သက်၍ တိုင်းမှူးက ပင်ပွားနှုန်းအထူးကောင်းမွန်သည့် မျိုးစပါးများဖြစ်၍ လိုအပ်သည့်မြေဩဇာများ ကျွေးမွေးရေး၊ နေအပူရှိန်မြင့်မားသဖြင့် စပါးခင်းအတွင်းရှိ ရေများပူနွေးပြီး စပါးပင်များပျက်စီးမှု မရှိစေရေးအတွက် ရေဝင်/ရေထွက်စနစ်အား စနစ်တကျ လဲလှယ်ဆောင်ရွက်ရေး၊ ပင်ကြား၊ တန်းကြားများအတွင်း ပေါင်းမြက်များရှင်းလင်း၍ တမန်းရှိုးခြင်း ဆောင်ရွက်ကြရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဘေးထွက်ဆိုးကျိုးမဖြစ်သည့် ကင်ဆာရောဂါကုထုံး သိပ္ပံပညာရှင်တို့ တီထွင်

ပျို့ချင်အန်ချင်ဖြစ်ခြင်း၊ ဆံပင်ကျွတ်ခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများ မဖြစ်ပေါ်စေဘဲ အကျိတ်များ ပျောက်ကင်းစေနိုင်သည့် ကင်ဆာရောဂါကုထုံးတစ်ခုကို သိပ္ပံပညာရှင်များက တီထွင်လိုက်သည်။

အသုံးပြု

ကင်ဆာကလာပ်စည်းများကို တိတိကျကျ တိုက်ခိုက်ဖျက်ဆီးပစ်သည့် ဒြပ်မှုန့်များကို ဖန်တီးရန် ဩစတြေးလျသိပ္ပံပညာရှင်များက အနုစိတ်နည်းပညာကို အသုံးပြုသည်။ ဤနည်းက ကျန်းမာသည့် အသားမျှင်များကို ထိခိုက်ပျက်စီးခြင်းမရှိဟု ဆိုနိုင်သည်။

မျှော်မှန်းထား

ဒြပ်မှုန့်များ သို့မဟုတ် သေးငယ်သော ကလာပ်စည်းများကို ကင်ဆာတိုက်ဖျက်ရေး ပဋိဇီဝများနှင့်တွဲထားသည့်အတွက် ပစ်မှတ်ကိုချိန်ထားပြီးဖြစ်သည်။ ဤနည်းဖြင့် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အူမကင်ဆာနှင့် အဆုတ်ကင်ဆာအကျိတ်တို့ကို ကုသနိုင်မည်ဟု မျှော်မှန်းထားသည်။

(ကိုးကား–အင်တာနက်)

● ကျောဖုံးမှ

လက်မှတ်ရေးထိုး

(၂၄)ကြိမ်မြောက်မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် မော်လမြိုင်မြို့ရှိ ငွေမိုးဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျီရာဒက် ခို့ချရတ်တို့က မြန်မာ–ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက် မှတ်တမ်းကို အတည်ပြု လက်မှတ်ရေးထိုးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်နှစ်ဦးတို့သည် နိဂုံးချုပ်အမှာစကား အသီးသီးပြောကြားကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြ၍ ပိတ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် စုပေါင်းကာမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အောင်မြင်စွာကျင်းပ

အဆိုပါ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံတို့အနေဖြင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံရေး၊ နှစ်နိုင်ငံတပ်မတော်အချင်းချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး စသည့် အပြုသဘောဆောင်သောဆွေးနွေးမှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိုင်ဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် မေ ၁၂

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဓမ္မကထိက ဗဟုဇနဟိတရေ၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် မေ၁၃ရက်တွင် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မြို့နယ်ဓမ္မာရုံကြီးတွင် ယဉ်ကျေးလိမ္မာ ကလေးအထူးတရားပွဲဆည်းဆာနှင့် ည၇နာရီတွင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဟုသိရသည်။**(က–ပ)**

ဆန်စပါးကုန်သည်များအသင်း ရုံးအဆောက်အအုံသစ်ဖွင့် အသင်းသားစုံညီစည်းဝေးမည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ၁၉ရက် နံနက် ၇နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ ယုဇနလမ်းနှင့် နွယ်သာကီလမ်းထောင့်အမှတ်(၄–၁)ရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း ရုံးအဆောက်အအုံသစ်၌ လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဒသမအကြိမ် အသင်းသား စုံညီအစည်းအဝေးကို အဆိုပါနေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌လည်းကောင်းကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မေ ၇ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့်အမှုဆောင်များ ဆရာစံမြောက်အရှေ့ရပ်ကွက်ရှိ တီဘီဝေဒနာရှင်များအား အာဟာရနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်စဉ်။ (က–ပ)

အနံ့ဆိုးထွက်သည့်စက်ရုံ၊ အလုပ်ရုံများနှင့် အသံဆူညံသော စက်ရုံ၊ အလုပ်ရုံများ လုပ်ငန်းအလိုက် အထူးဇုန်များ သတ်မှတ်၍ ရွှေ့ပြောင်းလုပ်ကိုင်စေခဲ့ ငရုတ်သီးလှော်ဖို့နှင့် ငံပြာရည်စက်ရုံများ နေရာချထားနိုင်ရေး အသင့်ပြင်ဆင်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် မေ၁၀ရက် မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာအနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းစီမံကိန်းဇုန်သို့ ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန ဌာနမှူး ဦးအောင်ဇင်က ဇုန်နှင့်ပတ်သက်သည့် အချက်အလက်များ၊ ဇုန်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ၊ လမ်းနှင့်တံတားများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ရရှိမှု၊ သောက်သုံးရေရရှိမှု၊ တယ်လီဖုန်းရရှိမှု၊ ဇုန်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရန်ကုန်မြို့တော်အတွင်းရှိ မြို့တော်အင်္ဂါရပ်နှင့် မညီညွတ်သော အနံ့ဆိုးထွက်သည့် စက်ရုံ၊ အလုပ်ရုံများနှင့် အသံဆူညံသော စက်ရုံ၊ အလုပ်ရုံများကို လုပ်ငန်းအလိုက် အထူးဇုန်များ သတ်မှတ်၍ ရွှေ့ပြောင်းလုပ်ကိုင်ဆောင်ရွက်စေခဲ့ရာ ငရုတ်သီးလှော်ဖို့၊ ငံပြာရည်စက်ရုံများကို ဤဇုန်အတွင်း နေရာချထားနိုင်ရေး အဆင်သင့်ပြင်ဆင်ထားရန်မှာကြားပြီး ဇုန်အတွင်း လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဒေးဇတ်ကျေးရွာရှိ(၁၆)ခုတင်ဆံ့ ဒေးဇတ်တိုက်နယ်ဆေးရုံသို့ ရောက်ရှိလာပြီး ဆေးရုံအတွင်း လူနာဆောင်များ၊ သားဖွားခန်းနှင့် ခွဲစိတ်ခန်းများ ဆောက်လုပ်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုပြီး လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒေးဇတ်တိုက်နယ်ဆေးရုံခန်းမ၌ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဌေးက ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ဒေးဇတ်တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ်၁၀သိန်းကို တိုက်နယ်ဆရာဝန်ဒေါက်တာကျော်သူရထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးက ကျေးရွာလူထုနှင့် တွေ့ဆုံပြီး ရန်ကုန်တိုင်းအတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စံပြကျေးရွာ အင်္ဂါရပ်(၁၅)ချက်နှင့်အညီ ပြည့်စုံအောင် ဆောင်ရွက်ကြရေး၊ ကျေးရွာအထိ လျှပ်စစ်မီးရရှိအောင် ညှိနှိုင်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးမှ ရပ်ရွာဖွံ့ဖြိုးမည်ဖြစ်၍ လယ်ယာကဏ္ဍကို အလေးထားဆောင်ရွက်ကြရေး၊ သီးနှံအထွက်တိုးစေရန် မျိုးရွေးချယ်မှုမှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စသည့် သွင်းအားစုများကို အချိုးညီပေါင်းစပ်အသုံးပြုကြရေးနှင့် စားဖိုဆောင် သီးနှံ၁၀မျိုး၊ ၁၀ပေါင်၊ စင်တစ်စင်စိုက်ပျိုးကြရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခရမ်းရေထိန်းတံခါး

ထိုမှတစ်ဆင့် တိုင်းမှူးသည် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းရေထိန်းတံခါးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေထိန်းတံခါးစီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဒုတိယညွှန်ကြားရေးမှူးဦးစိုးမြင့်ထွန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ မိုးရာသီရေထုတ်နိုင်မှု၊ မိုးနှောင်းကာလတွင် ရေချိုသိုလှောင်ထိန်းသိမ်းနိုင်မှု၊ မိုးစပါးအောင်ရေပေးဝေနိုင်မှု၊ နွေရာသီတွင် ပင်လယ်ဆားငန်ရေ၊ သဲ၊ နုန်းများမဝင်ရောက်စေအောင် ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်သိန်းက ရေထိန်းတံခါးများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စစ်ဆေးစီမံထား

ထို့နောက် တိုင်းမှူးက ရေထိန်းတံခါးကို လိုအပ်သည့်အချိန်တွင် အဖွင့်အပိတ်ပြုလုပ်နိုင်ရေးနှင့် မပြတ်ကြွခိုင်ရေးအတွက် လုပ်ငန်းစဉ်သတ်မှတ်၍ စစ်ဆေးစီမံထားရှိရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည်ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ်ရုံးသပြေကန်စံပြကျေးရွာအနီးရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခရမ်းချောင်း လျှပ်စစ်ရေတင်စီမံကိန်းဧက ၅၀၀၀သို့ ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးမင်းမင်းဇော်က လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြီး တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးဌေးလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးက စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရန် လုပ်ငန်းလိုအပ်ချက်များကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်၍ သတ်မှတ်ကာလအတွင်း အင်တိုက်အားတိုက်ဆောင်ရွက်ကြရန်နှင့် ပြီးစီးသမျှ အပိုင်းလိုက်စိုက်ပျိုးနိုင်ရေးမှာကြားပြီး လုပ်ငန်းကြိုတင်ပြင်ဆင်မှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)မှ တည်ဆောက်လျက်ရှိသော ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးတင့်လွင်နှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးက စီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ တံတား၏ ရေရှည်ကြံ့ခိုင်ရေးအတွက် ကမ်းပါးပြိုမှုများမရှိအောင် ထိန်းသိမ်းရေး၊ ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် တံတားကြီးအား မထိခိုက်စေရေးတို့ကို ထိန်းသိမ်းရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် လုပ်ငန်းခွင်သို့ သွားရောက်လှည့်လည်ကြည့်ရှုခဲ့သည်။

၉၂ ရာခိုင်နှုန်းပြီးစီး

အဆိုပါတံတားသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ထားပြီး တံတားအရှည်ပေ ၄၅၄၀ ဖြစ်ပြီး လုပ်ငန်း၏ ၉၂ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း ညီလာခံဖွင့်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း အဌမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြု တက္ကသိုလ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်းသို့ဆေးကုမ္ပဏီများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံပြခန်းနှင့်ဆေးကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

သက်ကြီးပူဇော်

ထို့နောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ လက်ထောက် ကျန်းမာရေးမှူးအသင်း အဌမအကြိမ်ညီလာခံသို့ တက်ရောက်လာကြသော အသက် ၇၀ နှင့်အထက် အငြိမ်းစား ကျန်းမာရေးမှူး၃၁ဦးတို့အား ဂါရဝပြု ကန်တော့ကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မိုးတွင်းကာလမရောက်မီ မန္တလေးမြို့တွင်း အဓိကရေနုတ်မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေး မြောင်းဆယ်ယူခြင်းလုပ်ငန်း အရှိန်အဟုန်မြှင့်

မန္တလေး မေ ၁၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင်ဦးမြင့်သိန်းနှင့် ဌာနမှူးများ လိုက်ပါလျက် ဧပြီ ၂၅ရက် ညနေ ၄နာရီက ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငွေတချောင်းမြောင်းနှင့် နဒီမြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ PVC ပိုက်စက်ရုံအခြေအနေနှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီးတစ်လျှောက် တံခွန်တိုင်တံတားမှ စက်မှုဇုန်(၂)ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ငွေတချောင်းမြောင်း

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ နှင့် ၃၁ လမ်းဆုံရှိ ငွေတချောင်းမြောင်း တစ်လျှောက် ၃၁ လမ်းမှ ၃၅လမ်းအထိ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများဖြင့် မြောင်းစာအမှိုက်သရိုက်နှင့် အညစ်အကြေးများ ဆယ်ယူ ရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**(အပေါ်ပုံ)**

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် မန္တလေး ဆေးတက္ကသိုလ် အနောက်ဘက် ၇၄ လမ်းတစ်လျှောက်လမ်း ၃၀ မှ ၃၅ လမ်းအထိ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူ ရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလမရောက်မီ မန္တလေးမြို့တော်အတွင်းရှိ အဓိက ရေနုတ်မြောင်းကြီးများ၊ မြို့နယ်အလိုက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာ ပိုမို ကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူ ရှင်းလင်းခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

နဒီမြောင်းရေစီးရေလာကောင်းမွန်ရေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် မြေပဒေသာ ရပ်ကွက်အနီးရှိ နဒီမြောင်းတစ်လျှောက် ၂၆ လမ်းမှ ၃၅ လမ်းအထိ ရေစီး ရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားကြီးများဖြင့် မြောင်းဆယ်ယူ ရှင်းလင်းနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

PVC ပိုက်စက်ရုံ

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ **PVC** ပိုက်စက်ရုံအတွင်း **PVC** ပိုက်များ ထုတ်လုပ်ထားရှိမှု၊ စက်ရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမကြီးတစ်လျှောက် တံခွန်တိုင်တံတားမှ စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၃၁၃)

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၂၅)ဖွင့် အဆင့်မြင့်ဖိအားမြှင့်စက်များဖြင့် ပိုမိုလျင်မြန်စွာဖြည့်တင်းပေး

ရန်ကုန် မေ ၁၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် (လှော်ကား) အမှတ်(၀၂၅)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းမပေါ်ရှိ အဆိုပါ အရောင်းဆိုင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဆိုင်ဖွင့်ပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စွမ်းအင် ဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဒုတိယညွှန်ကြား ရေးမှူး ဦးမျိုးမြင့်က မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့ အရောင်းဆိုင် တည်ဆောက်ပြီးစီးမှု အခြေအနေ များကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးသူရဦးသောင်းလွင်တို့ က မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက် ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဒုတိယ ဝန်ကြီးများသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာတာဝန် ရှိသူများက လိုက်လံရှင်းလင်း ပြသကြ သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယဝန်ကြီး များနှင့် တာဝန်ရှိသူများ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မော်တော်ယာဉ် များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်း ပေးနေမှုများကို ကြည့်ရှု စစ်ဆေးကြ သည်။

ယခုဖွင့်လှစ်လိုက်သည့် မော်တော် ယာဉ်သုံးသဘာဝ ဓာတ်ငွေ့ အရောင်း ဆိုင် (လှော်ကား) အမှတ်(၀၂၅) အပါအဝင် ဆိုင်သစ်ငါးဆိုင်၌ နည်း ပညာ အဆင့်မြင့်ဖိအားမြှင့်စက်များနှင့် ဓာတ်ငွေ့ဖြည့် ပိုက်ခေါင်းများ အသုံး ပြုခဲ့ပြီး ဓာတ်ငွေ့သန့်စင် ကိရိယာ (Dryer)ပါ ပူးတွဲတပ်ဆင် ထားသဖြင့် သန့်စင်သော သဘာဝဓာတ်ငွေ့ကို ပိုမိုလျင်မြန်စွာ ဖြည့်တင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သွေးဆေးကန် အရှင်နန္ဒာစရိယ အထူးတရားစခန်းပွဲ

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲမြို့၌ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၆၈)တွင် ကဆုန်လပြည့်ကျော်၁၄ရက်မှ နယုန်လဆန်း၅ရက် (မေ၁၄ရက်မှ ၂၀ရက်အထိ)ကျင်းပမည့်တရားစခန်း ပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရား တော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၅-၂၀၀၇ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	**အမှန်ချစ်မှ အချစ်မှန်** ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင် (ဒါရိုက်တာ-ကြည်စိုး)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၅	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ကျင်းသာရေလှောင်တမံ
၈း၂၅	၉။	အကပြိုင်ပွဲ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၅	၄။	Yan Can Cook
၁၁း၅၅	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **ကောင်းကင်မာယာ** နေထက်လင်း၊ မြတ်ကေသီအောင်၊ အေးဝတ်ရည်သောင်း (ဒါရိုက်တာ-မောင်နန္ဒ)
၁၃း၅၅	၆။	အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု)
၁၄း၁၅	၇။	အရေးပြိုင်ပွဲ
၁၄း၂၅	၈။	**ဆွေမျိုးတော်ပေမယ့်** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဇေဒါ (ဒါရိုက်တာ-သက်တင်)
၁၄း၃၅	၉။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အရည်အသွေးအဓိကထား ထန်းပင်ချောင်နေလှန်းဆား)
၁၄း၄၅	၁၀။	International News
၁၅း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၃၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သီရိဂေဟာ
၁၉း၁၀	၁၁။	သီးနှံစိုက်ပျိုးအထွက်တိုး (သီးနှံတွင်ပေါက်ရောက်သော ပေါင်းမြက်ကာကွယ်နှိမ်နင်းရေး နည်းလမ်းများ)
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၂၅)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၁၆)
	၁၇။	နောက်တစ်နေ့အစီအစဉ်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၂လမ်း အမှတ် ၁၀၇ ပထမထပ်နေ ဦးငွေဝင်း-ဒေါ်မြသိန်း၊ သား မောင်ဝင်းကိုကို၊ သမီးမချိုယဉ်ဝင်း၊ မဝင်း မင်းလှဲ့၊ မဝင်းမီလှ၊ မဝင်းလဲ့ဖြူ မိသားစုတို့က ကြေးပိဋကတ်ပဌာန်း ပါဠိတော် တတိယအုပ်အဆုံး ကြေးပိဋကတ် ၁၀ချပ်၊ အလှူငွေ ၂၅၀၀၀၀ကို ကြေး ပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။ (က-ပ)

သဲအင်းဂူ အဓိဋ္ဌာန် ခုနစ်ရက်စခန်းနှင့်ပူဇော်ပွဲ

ရန်ကုန် မေ ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ မေ ၂၀ ရက်မှ ၂၇ ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက်တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဥတ္တရ (လားရှိုး) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားများ ချီးမြှင့်ဟောကြားမည်ဖြစ်သည်။ တရားစခန်း စတင်သည့်နေ့ မေ ၂၀ ရက်တွင် မူလသဲအင်းဂူ ဆရာတော်ကြီးအား ပူဇော်ပွဲကိုလည်း ကျင်းပမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ မေ ၁၉ ရက်(စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက်စာရင်း သွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်း ရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစား အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိ သူများ၊ ဖိတ်ကြားထားသူများနှင့် ဘော်လီဘောအားကစား ဝါသနာရှင် များ တက်ရောက်ကြည့်ရှု အားပေး ကြသည်။

လိုက်လံနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ နိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေး စင်အသင်းနှင့် India University Champion ဘော်လီဘောအသင်းတို့ က သတ်မှတ်နေရာတွင် နေရာယူကြ ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ First Secretary Mr. Ra J.K. Srivastava မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် India University Champion ဘော်လီ ဘောအသင်းခေါင်းဆောင် Mr. R.K. Durai Singhတို့ကလိုက်လံနှုတ်ဆက် ကြသည်။

လဲလှယ်

ထို့နောက် နှစ်ဖက်အသင်းများက အမှတ်တရအလံများကို လဲလှယ်ကြ သည်။

ယင်းနောက် India University Champion ဘော်လီဘော အသင်းခေါင်းဆောင်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်း ရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား အမှတ်တရလက်ဆောင်ကို ပေးအပ် သည်။

အနိုင်ရရှိ

ထို့နောက် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအမျိုးသားဘော်လီ ဘောပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲကို စတင် ကျင်းပရာ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်ဘော်လီဘော အသင်းနှင့် India University Champion ဘော်လီဘော အသင်း တို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင် ဘော်လီဘောအသင်းက ၂၅-၁၄မှတ်၊ ၂၅-၁၉မှတ်၊ ၂၅-၂၀မှတ်ဖြင့် သုံးပွဲ ပြတ် အနိုင်ရရှိသွားသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည် ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲကို မေ၁၄ရက် ညနေ ၃နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်ဘော်လီဘောအသင်းအား လက်ဆွဲ နှုတ်ဆက်စဉ်။ (ဘော်လီဘောအဖွဲ့ချုပ်)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄) ချန်ပီယံလုပွဲ ပရိသတ်ပြည့်လျှံ စိန်ခေါ်ပွဲဖြစ်၍ ခြေကုန်လက်ကုန်ထိုးသတ်ကြသည်မှာ ရင်တမမ ချာန်ထူးသတ္တိ ချီးကျူးစရာကောင်းသဖြင့် ပရိသတ်ကျေနပ် ပဥ္စမအချီပြီးသည်အထိ အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်ခဲ့

အချိန် ။ ၂၀၀၇ ခုနှစ် မေ ၁၂ရက် ညနေ ၆နာရီ
နေရာ ။ ရန်ကုန်မြို့၊ ကရဝိက်ဥယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)
ပွဲစဉ် ။ မျှော်စင်ကျွန်းမှ စိန်ခေါ်သံ (၄)
မြန်မာနိုင်ငံအလွတ်တန်း ချန်ပီယံလုပွဲ

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံ အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချောကို စိန်ခေါ်ထိုးသတ်မည့် ချာန်ထူးတို့ ပွဲကြောင့် လက်ဝှေ့ပြိုင်ပွဲတွင် ပရိသတ်ပြည့်လျှံ

ချစ်ခက်(ခ)ဆက်ထူးအောင်(တောင်ကလေး) ၏ ညာဒူးက မိုးသီး(မြန်မာပြည်သား)၏ မျက်နှာကို ထိမိထားစဉ်။

နေသည်။ ချန်ပီယံလုံးချောက အနီထောင့်၊ စိန်ခေါ်သူ ချာန်ထူးကား အပြာထောင့်မှ နေရာယူပြီး ပွဲစတင်ထိုးသတ်သည်။

တရကြမ်းဖိထိုး

ပြိုင်ပွဲအတွေ့အကြုံ များပြီဖြစ်သည့် လုံးချောက အရပ်မြင့်ပြီး ချာန်ထူးထက် ကျစ်လျစ်တောင့်တင်းသည်။ ချာန်ထူးက အရပ်အနည်းငယ်နိမ့်သော်လည်း ခန္ဓာကိုယ် ပိုမိုကြံ့ခိုင်သည်။ ပွဲစသည်နှင့် လုံးချောကို ဘယ်ညာ ဖြောင့်လက်သီးများ ပစ်သွင်းကာ တရကြမ်း ဖိထိုးလေသည်။

ချာန်ထူးက ရှောင်တိမ်းရင်း ဘယ်ထောက်လက်သီး ပုံမှန်ထိုးကာ လုံးချောထိုးကွက်ကို ဟန့်တားသည်။ ချာန်ထူး၏အင်အားပြည့် ဘယ်ဝိုက်လက်သီးတစ်ချက် လုံးချောနားထင်ကို ထိုးမိရာ လုံးချော ယိုင်ဆင်းသွားသဖြင့် ချာန်ထူး အတင်းလိုက်၍ ထိုးသော်လည်း လုံးချောက ရှောင်တိမ်းထွက်သွားသည်။ လုံးချော၏ ဘယ်ညာ ဖြောင့်လက်သီးများနှင့်အတူ တိုက်ဒူးများက ချာန်ထူး၏ မျက်နှာနှင့် ရင်ဝသို့ တည့်တည့်ထိမှန်ရာ ချာန်ထူး ဟန်ချက်အပျက် လုံးချောက ဖျတ်ခနဲဝင်ကာ ညာဝိုက်လက်သီး မိမိရရ ထိုးလိုက်သဖြင့် ချာန်ထူးတော်တော်နှင့် ပြန်မထနိုင်။ အားယူထပြီး ဆက်ထိုးသည်။

ကိုယ်ရှိန်တန့်

ငါးချီစိန်ခေါ်ပွဲဖြစ်သဖြင့် ပထမအချီနှင့် ဒုတိယအချီတို့တွင် လုံးချောက ထိုးလုံးထိုးကွက် အသာစီး ထိုးသတ်နိုင်ခဲ့သည်။ တတိယအချီတွင် လုံးချောအမှားကို စောင့်ပြီး ချာန်ထူးအတင်းဝင်ကာ ဘယ်ဖြတ်လက်သီးထိုးချက်ကြောင့် လုံးချော ကိုယ်ရှိန်တန့်သွားခဲ့သည်။

လုံးချောက သက်လုံကောင်းကောင်းဖြင့် စတုတ္ထအချီတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ထောက်လက်သီး၊ ဖြောင့်လက်သီးနှင့် ခြေကန်ချက်များ ပါတွဲပြီး ထိုးရာ ချာန်ထူး အနားတောင်းရသည်။ လုံးချောကား လက်ဝှေ့အတွေ့အကြုံနှင့် ထိုးလုံးထိုးကွက်တို့၌ သာလွန်သည်ဖြစ်သော်လည်း အသည်းမာသော ချာန်ထူးက အနာခံပြီးထိုးရာ ပဥ္စမအချီပြီးသည်အထိ အနိုင်အရှုံး မပေါ်သဖြင့် သရေပွဲ ဖြစ်ခဲ့ရသည်။ လုံးချောကို စိန်ခေါ်သော ချာန်ထူးသတ္တိကို လေးစားချီးကျူးစရာကောင်းသဖြင့် ပရိသတ်အကြိုက် စိတ်ကျေနပ်ခဲ့သော ပွဲဖြစ်သည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းငွေတံဆိပ်ရ စောဝီလျံသိန်း(ရန်ကုန်)နှင့် ရွှေခါးပတ်ချန်ပီယံ ဒေါနအောင် (မြဝတီကျွဲမင်း)တို့ပွဲကလည်း ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ ငါးချီစိန်ခေါ်ပွဲဖြစ်သဖြင့် ခြေကုန်၊ လက်ကုန်ထိုးသတ်ကြသည်မှာ ရင်တမမ ရှိလှသည်။

ပွဲသိမ်းရန်ကြိုးစား

စောဝီလျံသိန်းက အပူးအကပ်ဖြင့် ထိုးသည်။ ဒေါနအောင်က အချုပ်အတိုက်အားကိုးသည်။ လူချင်းပူးသည်နှင့် ဒေါနအောင် ဒူးပျံက စောဝီလျံသိန်း ရင်ဝသို့ တိုက်ရိုက် ထိလေသည်။ စောဝီလျံသိန်းက အရပ်နိမ့်သော်လည်း အားပါပြင်းထန်သော ဖြတ်လက်သီးဖြင့် ဒေါနအောင်ကို ပွဲသိမ်းရန် ကြိုးစားသည်။ ဒေါနအောင်က ပါးပါးနပ်နပ် ရှောင်တိမ်းရင်း ညာခြေ ဖြတ်ကန်ချက်ကြောင့် စောဝီလျံသိန်း လဲကျကာ အနား တောင်းရသည်။ သို့ရာတွင် မျက်ခုံးကွဲကာ သွေးများထွက်လာသဖြင့် လက်ဝှေ့ကြိုးဝိုင်းဆရာဝန်က ဆက်ထိုးရန်မသင့်ဟု ဆုံးဖြတ်သဖြင့်



ရန်နိုင်အောင်(တောင်ကလေး) ညာလက်သီးက စောအာကာ (KLN) ခေါင်းကို ထိမိထားစဉ်။

ဒုတိယအချီ ၂မိနစ်၃၄စက္ကန့်မှာပင် ဒေါနအောင် အနိုင်ရရှိသွားသည်။

နောက်တစ်ပွဲမှာ မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)နှင့် ဝိုင်ဝိုင်း (ခ) မြတ်လေးနွယ်(တောင်ကလေး)တို့ ငါးချီစိန်ခေါ်ပွဲဖြစ်သည်။တောင်ကလေးရိုးရာလက်ဝှေ့ကလပ်မှ လက်ဝှေ့ကျော် ဝိုင်ဝိုင်း(ခ) မြတ်လေးနွယ်က လူလုံးလူဖန်တောင့်တင်းသည်။ သန်စွမ်းကြံ့ခိုင်ကာ အားပါသော ခြေကန်ချက်နှင့် ဖြောင့်လက်သီး၊ ပင့်လက်သီးများကို တွဲသုံးသည်။

မိုက်ခဲကျောက်ပွင့်က ပညာပါသည်။ ဝိုင်ဝိုင်း(ခ)မြတ်လေးနွယ်၏ အလစ်အငိုက်စောင့်ပြီး ဘယ်ညာ လက်သီးတွဲများဖြင့် ဆက်တိုက်ဖိထိုးရာ ဝိုင်ဝိုင်း (ခ) မြတ်လေးနွယ်က အယိမ်း၊ အနွဲ့များဖြင့် ရှောင်တိမ်းသည်။ ဒုတိယအချီတွင် ဝိုင်ဝိုင်း(ခ)မြတ်လေးနွယ်၏ ဘယ်ဖြတ်လက်သီးကြောင့် မိုက်ခဲကျောက်ပွင့် ကြမ်းပြင်ပေါ် လွင့်ကျသွားရာ အနားတောင်းရသည်။

အနိုင်ပေး

မိုက်ခဲကျောက်ပွင့် ပြန်ဆက်ထိုးရာ ဝိုင်ဝိုင်း(ခ)မြတ်လေးနွယ် ထိုးချက်များကို ရှောင်ရင်း ညာခြေဖြတ်ကန်ချက်ကြောင့် ဝိုင်ဝိုင်း(ခ) မြတ်လေးနွယ် မျက်ခုံး ကွဲသွားရာ လက်ဝှေ့ကြိုးဝိုင်းဆရာဝန်က ဆက်ထိုးရန် မသင့်ဟု ဆုံးဖြတ်သဖြင့် ဒုတိယအချီ၌ပင် မိုက်ခဲကျောက်ပွင့်အား အနိုင်ပေးလိုက်သည်။

ကျေနပ်ခဲ့ရ

ဝိုင်ဝိုင်း (ခ) မြတ်လေးနွယ် ဆက်ထိုးနိုင်သေးသော်လည်း လက်ဝှေ့စည်းကမ်းကို လိုက်နာကာ အရှုံးဖြင့် ကျေနပ်ခဲ့ရသည်။

နောက်ထပ် ငါးချီစိန်ခေါ်ပွဲမှာ စောအာကာ(KLN)နှင့် ရန်နိုင်အောင် (တောင်ကလေး) တို့ ဖြစ်သည်။ စောအာကာ အရပ်မြင့် အသားညိုပြီး အပေါ်စီးမှထိုးရန် အားပြုသော်လည်း ရန်နိုင်အောင်ကဘယ်ညာတွဲလုံးများ၊ချုပ်ဒူး၊ တိုက်ဒူးများ၊ လက်ပြန်ရိုက်ချက်များဖြင့် ဖြောင်းဖြောင်းထအောင် မုန်တိုင်းတိုက်သလို အတင်း ထိုးသတ်ရာ တတိယအချီတွင် ညာဖြတ်လက်သီး မိမိရရ ထိမှန်ရာ ကြမ်းပြင်ပေါ်ပုံကနဲ လဲကျသွားပြီး ပြန်မထနိုင်တော့ချေ။ ရန်နိုင်အောင်၏ ၁၃ပွဲမြောက် အလဲထိုး အနိုင်ယူလိုက်သည့် ပွဲပင်ဖြစ်သည်။

နောက်ထပ် ငါးချီစိန်ခေါ်ပွဲများအဖြစ် မိုးသီး(မြန်မာပြည်သား)နှင့် ချစ်ခက် (တောင်ကလေး)တို့ပွဲကလည်း အသည်းမာ၍ ပွဲတက်လာသူများပီပီ ထိုးချက်၊ ကန်ချက်များက မီးပွင့်မတတ် ထိုးသတ်နိုင်ကြသည်။ မိုးသီးက ထောက်လက်သီးကို အားပြုပြီး ချစ်ခက်က ဒူးတိုက်ချက်၊ ခြေကန်ချက်များကို ပလူပျံအောင် သုံးသည်။ နှစ်ဦးစလုံး ငါးချီပြည့်သည်အထိ အဖြေမပေါ်သဖြင့် သရေပွဲဖြစ်သွားသည်။

ဖိုးခွားလေး(ရွှေလက်ရာ)နှင့် ကမ္ဘာကျော် (မြဝတီကျွဲမင်း) တို့ နောက်မဆုတ်တမ်း ထိုးသတ်ကြသူများဖြစ်ရာ ကမ္ဘာကျော်က ဖိုးခွားလေးကို ထောင့်ပိတ်ကာ အားပါ ပြင်းထန်သော ညာဖြောင့်လက်သီးတစ်ချက် ဖိုးခွားလေးမျက်နှာကို တိုက်ရိုက်ထိမှန်သဖြင့် စတုတ္ထအချီ၌ပင် အလဲထိုးဖြင့် ကမ္ဘာကျော် အနိုင်ရရှိခဲ့သည်။

လေးချီစိန်ခေါ်ပွဲများဖြစ်သော စောသုံးလုံးနှင့် စောဒူဝံတို့ပွဲတွင် ပွဲချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်သဖြင့် သရေပွဲဖြစ်ခဲ့သလို ကြယ်လေး (မြန်မာပြည်သား)နှင့် အောင်ကျော်ကျော် (ရွှေလက်ရာ)တို့ပွဲကလည်း စတုတ္ထအချီအထိ အဖြေမပေါ်ခဲ့သဖြင့် သရေပွဲဖြစ်ခဲ့သည်။ ။ **(မြန်မာ့အလင်း)**

လုံးချော နှင့် ချာန်ထူး ယှဉ်ပြိုင်

မြန်မာပြည် အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)နှင့် စိန်ခေါ်သူ ရွှေခါးပတ်ချန်ပီယံ ချာန်ထူး (တောင်ကလေး) သူတစ်ပြန် ကိုယ်တစ်ပြန် ဤသို့ အကြိတ် အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄) မြန်မာပြည်အလွတ်တန်းချန်ပီယံလုပွဲကို ကရဝိက်ဥယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)၌ ကျင်းပရာ လက်ဝှေ့ဝါသနာရှင်များ ဤသို့ တစ်ခဲနက်လာရောက်အားပေးခဲ့ကြသည်။

ငါးချီစိန်ခေါ်ပွဲဖြစ်သဖြင့် ပထမအချီနှင့် ဒုတိယအချီတို့တွင် လုံးချောက ထိုးလုံးထိုးကွက် အသာစီး ထိုးသတ်နိုင်ခဲ့၊ တတိယအချီတွင် လုံးချော အမှားကို စောင့်ပြီး ချာန်ထူး အတင်းဝင်ကာ ဘယ်ဖြတ် လက်သီးထိုးချက်ကြောင့် လုံးချော ကိုယ်ရှိန် တန့်သွား။

ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာအတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ထောက်ပံ့မည်

ဒါကာ မေ ၁၂

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၀၇-၂၀၁၀ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အစီအစဉ်ကို အထောက်အကူဖြစ်စေရန် အစားအစာ အကူအညီအတွက် ဒေါ်လာ ၃၀၉ ဒသမ ၂သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းအေဂျင်စီက မေ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးများသယ်လာသည်ဟု နောက်ပြောင်ပြောဆိုသူ မနီလာလေဆိပ်၌ အဖမ်းခံရ

မနီလာ မေ ၁၂

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ နိုင်ငံတကာလေဆိပ်၌ ဗုံးများသယ်ဆောင်လာနေသည်ဟု နောက်ပြောင်ပြောဆိုခဲ့သော အီတလီ ခရီးသည်တစ်ဦး အဖမ်းခံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် (၅၅)နှစ်အရွယ်ရှိ အဆိုပါ အီတလီနိုင်ငံသား ဖဘာရီဇီယို ဆယ်လ်ဗင်နီသည် မေ ၉ရက် ဒေသစံတော်ချိန် ညနေ၅နာရီ ၅၅မိနစ်တွင် ဟောင်ကောင်လေကြောင်းခရီးစဉ်မှ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရန် စီစဉ်နေချိန် အဖမ်းခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဥရောပသို့ ခိုးဝင်သူများ လစ်ဗျားနိုင်ငံ၌ ဖမ်းဆီး

ထရီပိုလီ မေ ၁၂

အာဖရိက(မြောက်ပိုင်း)မှ ဥရောပသို့ ဝင်ရောက်ရေး တရားမဝင်ခိုးဝင်ရန် ကြိုးစားသူ ၁၁၆၈ဦးအား လစ်ဗျားအာဏာပိုင်များက ပြီးခဲ့သောလက ဖမ်းဆီးလိုက်ကြောင်း လစ်ဗျား သတင်းအေဂျင်စီက ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဓာတ်ငွေ့အိုးများတင်လာသော ထရပ်ကား ဗန်ကောက်၌ တိမ်းမှောက်၍ နှစ်ဦးသေဆုံး

ဗန်ကောက် မေ ၁၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၁၀ရက် မွန်းလွဲပိုင်းက ဓာတ်ငွေ့အိုးအလုံး ၇၀ကျော်တင်ဆောင်လာသော ထရပ်ကားတစ်စီး လမ်းမပေါ်တွင် တိမ်းမှောက်ပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းနှင့် အလုပ်သမားတစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရေဒီယိုက ကြေညာသည်။

တိမ်းမှောက်

အဆိုပါထရပ်ကားသည် ဗန်ကောက်မြို့အနောက်ပိုင်း ရပ်ဘူရာနာလမ်းထောင့်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာမှ ဓာတ်ငွေ့အိုးအချို့ ထပေါက်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား မေ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ ကားတင်ပို့ရောင်းချမှု မြင့်တက်

ပေကျင်း မေ ၁၂

တရုတ်နိုင်ငံသည် ယခုနှစ်ပထမသုံးလတွင် ကားစီးရေ ၉၉၈၀၀ ပြည်ပသို့ တင်ပို့ရောင်းချခဲ့ရာ(အပေါ်ပုံ) **ယမန်နှစ်အလားတူ ကာလကထက် ၅ ဒသမ ၃၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ၎င်းနိုင်ငံ၏ အကောက်ခွန်စာရင်း ဇယားများတွင် ဖော်ပြသည်။**

အဆိုပါ တင်ပို့သော ကားများတွင် ဆလွန်းကားများ၊ ခရီးသည်တင်ကားများနှင့် စွယ်စုံသုံးကားများ ပါဝင်ရာ ယမန်နှစ် အလားတူကာလကထက် ကားစီးရေ၂၅၀၀၀ ပိုမိုတင်ပို့ခဲ့ရာ ၄၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။

ဆက်စပ်ပစ္စည်းများ

ကားအစိတ်အပိုင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ တင်ပို့ရောင်းချမှုမှာ ဒေါ်လာ ၈ ဘီလီယံဖိုးရှိကာ ၃၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထိုကာလအတွင်း အခြားနိုင်ငံများမှလည်း စက်ပစ္စည်း အစိတ်အပိုင်းများ တင်သွင်းခဲ့ရာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံဖိုးရှိပြီး ၁၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။

ထုတ်လုပ်

တရုတ်နိုင်ငံသည် ယခုနှစ် ပထမသုံးလအတွင်း ကားစီးရေ ၂ ဒသမ ၁၉ သန်းထုတ်လုပ်ခဲ့ရာ ၂၀၀၆ ခုနှစ်အလားတူကာလကထက် ၂၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ယင်းတို့တွင် ခရီးသည်တင် ကားထုတ်လုပ်မှုမှာ ၁ ဒသမ ၆ သန်းရှိပြီး ၂၃ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ထိုအတောအတွင်း ကားစီးရေ ၂ဒသမ ၁သန်း ပြည်တွင်း၌ ရောင်းချခဲ့ရာ ၂၂ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ ဘဂ္ဂဒက်သို့ တိတ်တဆိတ်လာရောက်

ဘဂ္ဂဒက် မေ ၁၂

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီသည် ကြေညာခြင်းမပြုဘဲ ဘဂ္ဂဒက်သို့ မေ ၉ ရက်က တိတ်တဆိတ် လာရောက်ခဲ့ကြောင်း၊ ဝါရှင်တန်က အီရတ်အစိုးရတာဝန်ရှိသူများအား ဖိအားပေးချိန်တွင် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

အဆိုပါ အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီသည် အီရတ်ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံလိမ့်မည်ဖြစ်ကြောင်း၊ အသေးစိတ် အချက်အလက်များ မသိရသေးကြောင်း၊ ဘဂ္ဂဒက်ရှိအမေရိကန်သံရုံး ပြန်ကြားရေးအရာရှိ ဂွန်ရောဘတ်က ပြောကြားသည်။ ၎င်းသည် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လှည့်လည်မည်ဖြစ်ကြောင်း သိရသည်။

စေလွှတ်ထား

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်စစ်ပွဲ လေးနှစ်ကြာမြင့်ခဲ့ပြီးနောက် ဒီမိုကရက်တစ် အမတ်များက ဖိအားပေးမှုများကြောင့် အီရတ်တည်ငြိမ်ရေးရှိစေရန် နောက်ထပ်တပ်ဖွဲ့ဝင် ၃၀၀၀၀ စေလွှတ်ထားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်၌ ကပ်ပါးရောဂါများ ဖြစ်ပွား

ကွေ့ကျိုး မေ ၁၂

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တောင်ပိုင်း၌ ဝက်ကပ်ပါးရောဂါများ ပျံ့နှံ့ ဖြစ်ပွားလျက်ရှိကြောင်း၊ ယင်းရောဂါကို ဒေသအခေါ်အရ နားပြာရောဂါဟူ၍လည်း ခေါ်ကြောင်း တရုတ်ကပ်ပါး ဗေဒပညာရှင်များက ပြောကြားသည်။

သေဆုံး

ယင်းရောဂါကို ဧပြီလကုန်ပိုင်းက ယွန်ဖူမြို့ စီလော်အရပ်၌ ပထမဆုံးဖြစ်ပွားခဲ့ရာ ဝက်များသည် အစားအသောက်ပျက်ပြီး အဖျားရောဂါရရှိကာ သေဆုံးခြင်းဖြစ်ကြောင်း အဆိုပါ ကပ်ပါးဗေဒကျွမ်းကျင်သူများက ပြောကြားသည်။ ယခုအခါ ယင်းရောဂါကြောင့် အဆိုပါဒေသ၌ ဝက်အကောင် ၃၀၀ကျော်သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးဖွားခဲ့သော ကျားသစ်လေးအား ၎င်း၏မိခင်နှင့်အတူ မေ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သြစတြေးလျ၌ စစ်လေယာဉ်တစ်စင်း ပျက်ကျ

ကင်ဘာရာ မေ ၁၂

သြစတြေးလျနိုင်ငံတွင် မေ ၁၀ရက်က စစ်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ သို့သော် တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် သြစတြေးလျ စစ်ဘက်ထောက်လှမ်းရေး လေယာဉ်တစ်စင်းဖြစ်ကြောင်း၊ အဝေးထိန်းစနစ်ဖြင့် ပျံသန်းခြင်းဖြစ်ပြီး မေ ၁၀ရက်က စတင်ပျံသန်းပြီးနောက် ယခုကဲ့သို့ ပျက်ကျခြင်းဖြစ်ကြောင်း သြစတြေးလျစစ်ဘက်က အတည်ပြု ပြောကြားခဲ့သည်။

ထိုလေယာဉ်ပျက်ကျမှုမှာ နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း သြစတြေးလျစစ်ဘက် စုံစမ်းစစ်ဆေးမှုများအရ သိရသည်။

ပျက်ကျခဲ့သော လေယာဉ်သည် သြစတြေးလျနိုင်ငံ ဒီလီမြို့ဆင်ခြေဖုံးရှိ နေအိမ်တစ်လုံးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သော်လည်း နေအိမ်တွင် လေယာဉ်ပျက်ကျချိန်၌ လူတစ်ဦးမျှ မရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အားလုံးအတွက် သိပ္ပံအစီအစဉ်

အင်ဒိုနီးရှားမူလတန်း ကျောင်းသားများတွင်စတင်

ဂျကာတာ မေ ၁၂

မူလတန်းကျောင်းသားများ သိပ္ပံပညာကိုချစ်မြတ်နိုးစေရန် ကူညီပံ့ပိုးမှုတစ်ရပ်အဖြစ် အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာတွင် အားလုံးအတွက်သိပ္ပံဟု အမည်ပေးထားသော အစီအစဉ်တစ်ခုကို စတင် ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် သိပ္ပံပညာရပ်ဆိုင်ရာအားလုံး ပါဝင်ပြီး မူလတန်းကျောင်းသားများအတွက် သိပ္ပံပညာကို စိတ်ကြည်နူးစွာ သင်ကြားနိုင်ရန်နှင့် လေ့လာဆည်းပူး နိုင်ရေးအတွက် မျှော်မှန်းပြီး မူလတန်းကျောင်းသားများအတွက် ၎င်းအစီအစဉ်ကို လုပ်ဆောင်ခြင်းဖြစ်သည်ဟု အင်တာရာသတင်းဌာနက မေ ၉ရက်၌ သတင်းထုတ်ပြန်သည်။

ဖွင့်လှစ်

အားလုံးအတွက် သိပ္ပံပညာ အစီအစဉ်ကို တရားဝင် ဖွင့်လှစ်ခြင်းမှာ ဂျကာတာမြို့အရှေ့ပိုင်း သိပ္ပံနှင့်နည်းပညာဆိုင်ရာပြခန်း၌ တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ဖော်ပြ

ကလေးငယ်များ အနေဖြင့် အလွန်ငယ်ရွယ်သော အချိန်တွင် သိပ္ပံပညာကို နှစ်သက်မြတ်နိုးပြီး သင်ယူလေ့လာနိုင်မှုများ ပိုမို ပြုလုပ်နိုင်ကြမည်ဟု အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြသည်။

သင်ကြားပေး

အဆိုပါ အစီအစဉ်တွင် သိပ္ပံပညာရပ်ဆိုင်ရာ ပါမောက္ခ ၁၀၀၀ ခန့်တို့ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ မူလတန်းကျောင်းသားများကို အခါအားလျော်စွာ သင်ကြားပေးမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောမီးလောင်ကျွမ်း

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကတ်တလီနာအပန်းဖြေကျွန်း အနီးတွင် တောမီးများ လောင်ကျွမ်းနေသည်ကို မေ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သိပ္ပံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် ကျန်းမာရေးကဏ္ဍများ ပါကစ္စတန်နှင့် ချက်သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည်

အစ္စလမ္မာဘတ် မေ ၁၂

ပါကစ္စတန်နှင့် ချက်သမ္မတနိုင်ငံတို့အနေဖြင့် သိပ္ပံ၊ ကုန်သွယ်ရေး၊ စက်မှု၊ ကျန်းမာရေးနှင့် နိုင်ငံခြား ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်မားလာစေရေးအတွက် ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာတစ်ရပ်ကို မေ ၉ ရက်၌ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။

ယခုကဲ့သို့ နှစ်နိုင်ငံ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ ပါကစ္စတန်ဝန်ကြီးချုပ် ရှောကတ်အဇစ်နှင့် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသောချက်နိုင်ငံဝန်ကြီးချုပ် မီရက်တိုပိုလန့်ခ်တို့ အစ္စလမ္မာဘတ်မြို့တွင် တွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်များ တိုးချဲ့နိုင်ရန် မိမိတို့ ဆွေးနွေးခဲ့ကြပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ချက်သမ္မတနိုင်ငံအနေဖြင့်ပါကစ္စတန်နိုင်ငံနှင့် နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးနယ်ပယ်ကဏ္ဍများတွင်နှစ်နိုင်ငံပြည်သူများအချင်းချင်းလည်း ဆက်ဆံနိုင်မှုတိုးချဲ့သွားနိုင်ရေး ဆောင်ရွက်သွားမည်ဟု ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တိုပိုလန့်ခ်က ပြောကြားသည်။

ပါကစ္စတန် ဝန်ကြီးချုပ် ရှောကတ်အဇစ်ကလည်း မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် ချက်သမ္မတနိုင်ငံနှင့် အင်အားပြည့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ ငါးဦးသေဆုံး

ရီနို မေ ၁၂

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် အော်စတင်မြို့ အနောက်ဘက် ၁၀မိုင်ခန့်အကွာတွင် မေ၇ရက်က အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားခဲ့ရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ငါးဦးသေဆုံးသွားကြောင်း အမေရိကန်အရာရှိများက မေ ၈ရက်၌ ပြောကြားသည်။

အဆိုပါ စစ်ရဟတ်ယာဉ်သည် လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေစဉ် မေ ၇ရက် ည ၉နာရီခွဲက ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်ကျရခြင်းမှာ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် တိုက်မိခဲ့၍ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

နီဗားဒါးပြည်နယ်မြောက်ပိုင်း သဲကန္တာရတွင် ၎င်းစစ်ရဟတ်ယာဉ်ပျက်နှင့် သေဆုံးနေသူ ငါးဦးကို အမေရိကန်စစ်ဘက်က တွေ့ရှိခဲ့ကြသည်။ အဆိုပါ ရဟတ်ယာဉ်သည် SH-60F ရဟတ်ယာဉ်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံအလယ်ပိုင်း၌ ယာဉ်မတော်တဆမှု ဖြစ်ပွား

ချန်ရှာ မေ ၁၂

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မေ ၉ရက်က ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးတစ်ခုမှ ပြုတ်ကျခဲ့ပြီးနောက် ကိုးဦးသေဆုံးပြီး လေးဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း ဒေသအာဏာပိုင်များက အတည်ပြုကြေညာခဲ့သည်။

ခရီးသည် ၁၈ ဦး တင်ဆောင်လာသော မီနီဘတ်စ်ကားသည် ဟူနန်ပြည်နယ် အနောက်ပိုင်းဖန်ဟောင်းစီရင်စု၌ ယင်းနေ့နံနက် ၁၁ နာရီခွဲတွင် မတ်စောက်သော တောင်ပေါ်လမ်းတွင် ရုတ်တရက် ကွေ့ရာမှ ၈၇ မီတာအမြင့်ရှိ တောင်ကမ်းပါးမှ ပြုတ်ကျသွားခဲ့ပြီး ခုနစ်ဦးမှာ ထိုနေရာတွင် ပွဲချင်းပြီး သေဆုံး၍ နှစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများတွင် ဘတ်စ်ကားမောင်းသူနှင့် ၎င်း၏သား ပါကြောင်း ဒေသတွင်း ယာဉ်ထိန်းရဲအာဏာပိုင်အဖွဲ့က ဖွင့်ဟပြောကြားခဲ့သည်။

ယင်းမတော်တဆမှုကြောင့် နှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် ကိုးဦးဒဏ်ရာရခဲ့ကြောင်း ယင်းဒေသဆေးရုံသတင်းရပ်ကွက်များက အတည်ပြုခဲ့သည်။ ၎င်းတို့အနက် လေးဦးမှာ စိုးရိမ်ရသော အခြေအနေရှိသည်။

ဘတ်စ်ကားပေါ်တွင် စီးနင်းလိုက်ပါလာသူ ထက်ဝက်မှာ ဂူကျိုး၊ ဂွမ်ဆီနှင့် ဖူကျီယန်ပြည်နယ်များမှ ဖြစ်ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် အမေရိကန်သုံးသန်း သေဆုံးနိုင်ဟုဆို

ပင်တဂွန် မေ ၁၂

ကြက်ငှက်တုပ်ကွေးရောဂါသည် အမေရိကန်ပြည်သူ သုံးသန်းထက် မနည်းသေဆုံးနိုင်ခြင်းကြောင့် အမေရိကန်စစ်တပ်က အစီအစဉ်တစ်ရပ် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပင်တဂွန်က သတိပေးပြောကြားလိုက်သည်။

ပင်တဂွန်က ကြက်ငှက်တုပ်ကွေးရောဂါ အကြီးအကျယ် ဖြစ်ပွားချိန်ကိုင်တွယ်ဖြေရှင်းရန် ဝက်ဘ်ဆိုက်လွှင့်တင်ထားသည်။ အမေရိကန်၌ အဆိုပါရောဂါကြောင့် လူဦးရေ၏ ၂၀ရာခိုင်နှုန်းနှင့် ၃၅ရာခိုင်နှုန်းမှာ နာမကျန်းဖြစ်နိုင်ကြောင်း၊ သုံးရာခိုင်နှုန်းမှာ ဆေးရုံတင်ပို့ရဖွယ်ရှိကြောင်း၊ ယင်းသုံးရာခိုင်နှုန်းမှာ သေဆုံးနိုင်ကြောင်း သုံးသပ်ဖော်ပြထားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဖရဲသီးစားပြိုင်ကြသူများ

ဖရဲသီးစားပြိုင်ပွဲဝင်နေကြသူများကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ကျီယန်မြို့တွင် ဖရဲသီးစားပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့ရာ ခွဲစိတ်ထားသော ဖရဲသီးစိတ်များကို သတ်မှတ်ထားသော အချိန်တိုအတွင်း အများဆုံး စားနိုင်သူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကျန်းမာရေးအတွက် ရွှံ့ရေစိမ်ကြသူများ

ခန္ဓာကိုယ်အရေပြား ကျန်းမာရေးအတွက် ရွှံ့ရေစိမ်နေကြသူများကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဒါယန်းစီရင်စုတွင်ရှိသော တရုတ်ပင်လယ်သေ အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေကြသူများက ခန္ဓာကိုယ်အရေပြား ကျန်းမာရေးအတွက် ရွှံ့ရေများ စိမ်ကြကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့ရုပ်ရှင် နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်နိုင်မည့် မြန်မာ–တောင်ကိုရီးယား ရုပ်ရှင်နီးနှောဖလှယ်ပွဲ

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရုပ်ရှင်အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးစားမှု တစ်ရပ်အဖြစ် မြန်မာ–တောင်ကိုရီးယား ရုပ်ရှင်နီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ မီကာဆာဟိုတယ်၌ မေ ၁၁ ရက်က ကျင်းပခဲ့သည်။

မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်၍ စိတ်ဝင်စားစရာကောင်းသော နီးနှော ဖလှယ်ပွဲဖြစ်ရာ ထိုနီးနှောဖလှယ်ပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် မြန်မာနိုင်ငံမှ ရုပ်ရှင်ဒါရိုက်တာနှင့် သရုပ်ဆောင်များ၊ တောင်ကိုရီးယားနိုင်ငံမှ ရုပ်ရှင်နှင့် ပတ်သက်သော ပညာရှင်များအား တွေ့ဆုံမေးမြန်းခဲ့သည်။

အခုလို ပူးပေါင်းဆွေးနွေးပွဲတွေကတစ်ဆင့် အကျိုးကျေးဇူးတွေ အများကြီး ရနိုင်မှာပါ။
Mr. Yang Wong Dong
ကိုရီးယားဒါရိုက်တာ ရုပ်ရှင်ဗျူရို။

သရုပ်ဆောင်လွင်မိုး

ပထမဦးစွာ ရုပ်ရှင်သရုပ်ဆောင်နှင့် ထုတ်လုပ်သူ လွင်မိုးအား ယခု နီးနှောဖလှယ်ပွဲနှင့် ပတ်သက်၍ မေးမြန်းရာ **"ဒီရုပ်ရှင်နီးနှောဖလှယ်ပွဲမှာ ကျွန်တော်က 'ယနေ့မြန်မာ့ရုပ်ရှင် ထုတ်လုပ်မှုအခြေအနေ'ဆိုတဲ့ အကြောင်းအရာကို ဆွေးနွေးတာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိ ရုပ်ရှင်ထုတ်လုပ်မှုအနေအထား အားသာချက်နဲ့ အားနည်းချက်တွေကို ဆွေးနွေးခြင်း ဖြစ်ပါတယ်"** ဟု လွင်မိုးက ရှင်းပြသည်။

ယခုကျင်းပသည့် မြန်မာ–တောင်ကိုရီးယား ရုပ်ရှင်နီးနှောဖလှယ်ပွဲ၏ အကျိုးကျေးဇူးနှင့် ပတ်သက်၍လည်း လွင်မိုးက **"တောင်ကိုရီးယား ရုပ်ရှင်တွေက ကမ္ဘာကျော်လူကြိုက်များနေတာဆိုတော့ ကျွန်တော်တို့အနေနဲ့ လေ့လာအတုယူမှုတွေ အများကြီး လုပ်ရမယ်။ သူတို့တွေ ဘယ်လိုတိုးတက်အောင် ကြိုးစားခဲ့ကြတယ်ဆိုတာ သိရတော့ ကျွန်တော်တို့ ရှေ့ဆက်ပြီး တိုးတက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ နည်းလမ်းတွေရတာပေါ့။ ဒီလို ရုပ်ရှင်နီးနှော ဖလှယ်ပွဲတွေ ဆက်လက် ဖြစ်မြောက်အောင် ကြိုးစားသွားမှာပါ"** ဟု လည်း ဖြေကြားသွားသည်။

မြန်မာ–တောင်ကိုရီးယားရုပ်ရှင် နီးနှောဖလှယ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံကို ပထမဆုံး အကြိမ် ရောက်ခဲ့ခြင်းဖြစ်ပါတယ်။
Mrs. Kim A Ja.
ပါမောက္ခရုပ်ရှင်ဈေးကွက် ဒေါင်ရှင်တက္ကသိုလ်။

သရုပ်ဆောင်လူမင်း

ထို့နောက် ယခုမြန်မာ–တောင်ကိုရီးယားရုပ်ရှင်နီးနှောဖလှယ်ပွဲ၌ ပါဝင် ဆွေးနွေးသည့် ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ လူမင်းအား ယခုပွဲတွင် ဆွေးနွေးသည့်အကြောင်းအရာနှင့် ထိရောက်မှုအခြေအနေကို မေးမြန်းရာ **"ကျွန်တော့်အနေနဲ့ အနုပညာသည်များ၏ အခန်းကဏ္ဍခေါင်းစဉ်နဲ့ ဆွေးနွေးတာဖြစ်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ သရုပ်ဆောင်တွေရဲ့ ရုပ်ရှင်အနုပညာအရည်အသွေး၊ ဒါရိုက်တာတွေရဲ့အတတ်ပညာနှင့် ရိုက်ကူးမှု ကဏ္ဍအပြင် နိုင်ငံတကာကို ဘယ်လိုထိုးဖောက်ရမလဲ ဆိုတာတွေ ဆွေးနွေးတာပါ။ ကျွန်တော်တို့ရဲ့ ရုပ်ရှင်အနုပညာဖြတ်သန်းမှုနဲ့ တောင်ကိုရီးယားတို့ရဲ့ ရုပ်ရှင် အနုပညာရှင်တွေ ဖြတ်သန်းမှု မတူညီပါဘူး"** ဟု ရှင်းပြသည်။

သရုပ်ဆောင်တွေရဲ့ ရုပ်ရှင် အနုပညာ အရည်အသွေး၊ ဒါရိုက်တာတွေရဲ့ အတတ်ပညာနဲ့ ရိုက်ကူးမှု အခန်းကဏ္ဍဆွေးနွေးသွားမှာပါ။
ဦးလူမင်း
သရုပ်ဆောင်ဒါရိုက်တာ။

ယခု နီးနှောဖလှယ်ပွဲနှင့် ပတ်သက်ပြီး လူမင်းက **"ဒီလိုနီးနှောဖလှယ်ပွဲတွေကတစ်ဆင့် ကျွန်တော်တို့ ရုပ်ရှင်တိုးတက်ရာ တိုးတက်ကြောင်းတွေပိုပြီး လုပ်ဆောင်မယ်၊ တောင်ကိုရီးယား ရုပ်ရှင်ပညာရှင်တွေရဲ့ ကူညီလက်တွဲမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရရှိမယ်ဆိုရင် ကျွန်တော်တို့အတွက် အခွင့်အရေးတွေ အများကြီး ရရှိနိုင်မှာပါ၊ ဒီလိုပွဲတွေ များများလုပ်နိုင်လေ ကောင်းလေပါပဲ"** ဟု ဖြေကြားသွားသည်။

မြန်မာနိုင်ငံ ရုပ်ရှင်သမိုင်းကြောင်းကို လက်ရှိအခြေအနေ အထိ ဆွေးနွေးသွားမှာပါ။
ဒေါ်ဆွေဇင်ထိုက်
တွဲဖက်အတွင်းရေးမှူး(၃)
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

ဒေါ်ဆွေဇင်ထိုက်

ထို့အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒေါ်ဆွေဇင်ထိုက်ကလည်း **"ကျွန်မအနေနဲ့က မြန်မာနိုင်ငံရဲ့ ရုပ်ရှင်သမိုင်းကြောင်းကို လက်ရှိအခြေအနေအထိ ဆွေးနွေးတာပါ။ မြန်မာနိုင်ငံရဲ့ ရုပ်ရှင်သမိုင်းကြောင်း၊ ရိုက်ကူးထုတ်လုပ်မှုပုံစံအဆင့်ဆင့် ပြောင်းလဲလာခဲ့တာတွေကို တောင်ကိုရီးယား ရုပ်ရှင်ပညာရှင်တွေ သိရှိတော့ သူတို့အနေနဲ့ ကောင်းတဲ့အကြံဉာဏ်တွေ ပေးနိုင်တာမို့ တကယ်အကျိုးရှိစေတဲ့ ရုပ်ရှင်နီးနှောဖလှယ်ပွဲပါ"** ဟု ပြောကြားသည်။

ယခု ကျင်းပသည့် မြန်မာ–တောင်ကိုရီးယား ရုပ်ရှင်နီးနှောဖလှယ်ပွဲသို့ တက်ရောက်ဆွေးနွေးသော တောင်ကိုရီးယားနိုင်ငံမှ တောင်ကိုရီးယား ရုပ်ရှင်ဗျူရို ဒါရိုက်တာ ယန်ဝုန်ဒုန်နှင့် တွေ့ဆုံမေးမြန်းရာ **"မြန်မာနိုင်ငံကို ၂၀၀၄ ခုနှစ်က အလည်အပတ် တစ်ခေါက်ရောက်ခဲ့ဖူးတယ်။ အခု ဒုတိယအကြိမ်မှာတော့ မြန်မာ–တောင်ကိုရီးယား ရုပ်ရှင်နီးနှောဖလှယ်ပွဲအတွက်ပါ။ အခုလို ပူးပေါင်းဆွေးနွေးပွဲ တွေကတစ်ဆင့် အကျိုးကျေးဇူးတွေအများကြီးရနိုင်မှာပါ။ ကျွန်တော်တို့အနေနဲ့ မြန်မာ့ရုပ်ရှင်အခြေအနေကို သိရပြီဆိုတော့ အကူအညီ ပေးနိုင်တာတွေ၊ ပူးပေါင်းဆောင်ရွက်နိုင်တာတွေ ရှေ့ဆက်ပြီးလုပ်ဆောင်သွားနိုင်တော့မှာပါ"** ဟု ဖြေကြားသွားသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိ ရုပ်ရှင်ထုတ်လုပ်မှု အနေအထား အားသာချက်နဲ့ အားနည်းချက်တွေကို ဆွေးနွေးသွားမှာပါ။
ဦးလွင်မိုး
သရုပ်ဆောင်ထုတ်လုပ်သူ။

ယခုရုပ်ရှင်နီးနှောဖလှယ်ပွဲတွင် တောင်ကိုရီးယား ရုပ်ရှင်ပညာရှင်အဖွဲ့ကို ဦးဆောင်လာသူဖြစ်သော ယန်ဝုန်ဒုန်သည် နီးနှောဖလှယ်ပွဲ၌ **"လက်ရှိအောင်မြင်နေသောတောင်ကိုရီးယားရုပ်ရှင်များ၏ သမိုင်းကြောင်း"**ကို ရှင်းလင်းပြောကြားခဲ့သူဖြစ်သည်။

ပထမဆုံး

ထို့နောက် တောင်ကိုရီးယားမှ ရုပ်ရှင်ပညာရှင် တစ်ဦးဖြစ်သူ ဒေါင်ရှင်တက္ကသိုလ်မှ ပါမောက္ခ (ရုပ်ရှင်ဈေးကွက်) ဖြစ်သူ မစ္စကင်အာဂျာနှင့် တွေ့ဆုံမေးမြန်းရာ **"မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခုလို ရုပ်ရှင်နီးနှောဖလှယ်ပွဲ ဖြစ်လာတာ ကလဲ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်က မြန်မာရုပ်ရှင်အဖွဲ့ တောင်ကိုရီးယား ရုပ်ရှင်ပွဲတော်ကို လာခဲ့ကြတဲ့ အချိန်က တွေ့ဆုံဆွေးနွေးခဲ့ကြတဲ့ အကျိုးဖြစ်ထွန်းမှု တစ်ရပ်ပါပဲ။ မြန်မာရုပ်ရှင် ဇာတ်ကားတွေ ၁၀ ကားလောက် ကြည့်ခဲ့ပြီးပါပြီ၊ လိုအပ်တဲ့အားနည်းချက်လေးတွေ လုပ်နိုင်ရင်တော့ မကြာခင် အောင်မြင်မှုရရှိမှာပါ။ အခု ကျွန်မတို့ ဘယ်လို ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့ အချက်တွေကို သိရတော့ တောင်ကိုရီးယားရောက်ရင် ဆွေးနွေး ညှိနှိုင်းကြရမှာပါ။ လက်တွဲ ပူးပေါင်းရင်တော့ အောင်မြင်မှု ရရှိမှာဆိုတာ သေချာပါတယ်"**ဟု ဖြေကြားသွားသည်။

ပူးပေါင်းဆောင်ရွက်မှု

မြန်မာနှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ရုပ်ရှင်နီးနှောဖလှယ်ပွဲများ ဆက်လက် ပြုလုပ်နိုင်ပြီး ဆွေးနွေးပွဲများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့လျှင် မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာသို့ ထိုးဖောက် ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း တွေ့ဆုံ မေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အခုလို ပူးပေါင်းဆွေးနွေးပွဲတွေကတစ်ဆင့် အကျိုးကျေးဇူးတွေ အများကြီး ရနိုင်မှာပါ။ ကျွန်တော်တို့ အနေနဲ့ မြန်မာ့ရုပ်ရှင်အခြေအနေကို သိရပြီဆိုတော့ အကူအညီပေးနိုင်တာတွေ၊ ပူးပေါင်းဆောင်ရွက်နိုင်တာတွေ ရှေ့ဆက်ပြီး လုပ်ဆောင်သွားနိုင်တော့မှာပါ။
ဒါရိုက်တာ ယန်ဝုန်ဒုန်

ဒီလို နီးနှောဖလှယ်ပွဲတွေကတစ်ဆင့် ကျွန်တော်တို့ ရုပ်ရှင်တိုးတက်ရာ တိုးတက်ကြောင်းတွေ ပိုပြီးလုပ်ဆောင်မယ်။
သရုပ်ဆောင်ဒါရိုက်တာ လူမင်း

ကမ္ဘာတစ်လွှား အားကစား

လာလီဂါဖလားအတွက် မျှော်လင့်နိုင်သည့် ဆီဗီလာ

မက်ဒရစ် မေ ၁၂

စပိန်လာလီဂါပွဲစဉ်များ ပြီးဆုံးမှု နီးကပ်လာသည်နှင့်အမျှ လာလီဂါ ဖလားရရှိရေး ပြိုင်ဆိုင်မှုများလည်း ပြင်းထန်လာလျက်ရှိရာ ပွဲစဉ် (၃၃) အပြီးတွင် ဒုတိယနေရာကို လက်လွတ်ခဲ့ရသည့် ဆီဗီလာတို့ ထိပ်ဆုံးမှ ဘာစီလိုနာနှင့် ပွဲတူလေးမှတ် ကွာသွားပြီဖြစ်သည်။

လာလီဂါဖလားအတွက် လက်ရှိချန်ပီယံ ဘာစီလိုနာကို အနီးကပ်ဖိအားပေးနေသော ဆီဗီလာတို့ ပွဲစဉ်(၃၃)၌ ရီးရဲမက်ဒရစ်ကို ရှုံးခဲ့သဖြင့် တတိယနေရာသို့ ဆင်းခဲ့ရသော်လည်း ဖလားရရှိရေး ရည်မှန်းချက်မှာ ခိုင်မာနေဆဲဖြစ်ကြောင်း ဆီဗီလာနည်းပြ ရာမို့စ်က ပြောကြားနေသည်။

မြင့်တင်မည်

ဆီဗီလာအသင်းသည် လာလီဂါဖလား တစ်ကြိမ်ဗိုလ်စွဲခဲ့ဖူးပြီး ယခုနှစ်၌ ဒုတိယအကြိမ် လာလီဂါဖလားရရှိရေး ကြိုးစားမှုအတွက် အရှိန်အဟုန်မြင့်တင်သွားမည်ဟု နည်းပြရာမို့စ်က ပြောကြားခဲ့သည်။

ဆီဗီလာသည် ပွဲစဉ် (၃၄) တွင် အိမ်ကွင်း၌ ရီခရီယေးတီဗိုနှင့် ကစားရမည်ဖြစ်သည်။ ပထမအကျော့ ပွဲစဉ်အဖြစ် အဝေးကွင်း၌ ရီခရီယေးတီဗိုကို ဆီဗီလာတို့က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ယူထားခဲ့သည်ဖြစ်ရာ ယခုပွဲ အိမ်ကွင်း၌ အနိုင်ရမည့်ပွဲပင် ဖြစ်သည်။

ပွဲကျပ်နေ

သို့သော် ဆီဗီလာတို့အနေဖြင့် လာမည့် မေ၁၆ ရက်၌ ယူအီးအက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို အက်စ်ပန်းညိုအသင်းနှင့် ကစားရမည်ဖြစ်ရာ ပွဲကျပ်များဖြစ်နေသည်။ လာလီဂါတွင်လည်း အမာခံဘောလုံးသမားများ အကုန်ထည့်သွင်းကစားမှသာ လာလီဂါဖလားအိပ်မက် ဆက်လက်ရှင်သန်နိုင်မည်ဖြစ်သည်။

အဓိကကျ

ဆီဗီလာတို့ လာလီဂါဖလားနှင့် ယူအီးအက်ဖ်အေဖလားများ ရရှိရေးတွင် တိုက်စစ်မှူးများဖြစ်သော ကနူးတေ၊ ချီဗန်တန်နှင့် ဖေဘီယာနိုတို့၏စွမ်းအားနှင့် သွင်းဂိုးများက အဓိကကျနေသည်။ ထို့အပြင် ဆီဗီလာကွင်းလယ်၌ ရီနာတို၊ ပေါလ်ဆင်နှင့် ဒန်နီရယ်အဗက်စ်တို့ကလည်း ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ပြီး အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်ကြသူများ ဖြစ်သဖြင့် ဆီဗီလာတို့ အားထားရသည့် ကစားသမားဖြစ်သည်။

လာလီဂါ တန်းစီဇယားထိပ်ဆုံးမှ ဘာစီလိုနာတို့နှင့် ယှဉ်လျှင် ဘာစီလိုနာက ၃၃ ပွဲကစားပြီးချိန်တွင် ၆၃ ဂိုးသွင်းထားနိုင်ပြီး ဆီဗီလာတို့က ၅၇ ဂိုးသွင်းထားနိုင်ရာ ခြောက်ဂိုးကွာခြားနေသည်။ ထို့ကြောင့် တိုက်စစ်တွင် ဘာစီလိုနာမှ ရော်နယ်ဒင်ဟိုတို့ထက် ဆီဗီလာတိုက်စစ်မှူး ကနူးတေတို့အုပ်စုက အနည်းငယ် အားနည်းနေသည်။

သို့သော် လာလီဂါ၌ ဆီဗီလာတိုက်စစ်မှူး ကနူးတေက ၃၃ပွဲ ကစားပြီးချိန်တွင် ၁၉ ဂိုး သွင်းယူထားနိုင်သော်လည်း ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟိုက ၁၇ ဂိုး သွင်းထားနိုင်သည်။

ဆီဗီလာခံစစ်ပိုင်းမှာလည်း ဘာစီလိုနာတို့နှင့် သိပ်မကွာချေ။ ဘာစီလိုနာတို့က ပေးဂိုး ၂၉ ဂိုးရှိချိန်တွင် ဆီဗီလာတို့က ၃၁ ဂိုး အသွင်းခံထားရသည်။ ထို့ကြောင့် လာလီဂါဖလားရရှိရေးတွင် ထိပ်ဆုံးမှ ဘာစီလိုနာတို့နှင့် ပွဲတူလေးမှတ် ကွာနေသော်လည်း မျှော်လင့်ချက်များ ထားရှိနေခြင်းပင်ဖြစ်သည်။

ချန်ပီယံဖြစ်ရေး

ဘာစီလိုနာတို့က သုံးထပ်ကွမ်း လာလီဂါချန်ပီယံဖြစ်ရေး ကြိုးစားနေသော်လည်း အတိမ်းအစောင်းဖြစ်ခဲ့လျှင် ဆီဗီလာတို့ အခွင့်အရေးရသွားနိုင်လေသည်။ ဆီဗီလာတို့ လက်ကျန်ပွဲ ခြောက်ပွဲ ကစားရမည်ဖြစ်ရာ အိမ်ကွင်း၌ ရီခရီယေးတီဗို၊ ရီးရဲဇာရာဂိုဇာ၊ ဗီလာရီးရဲအသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး အဝေးကွင်း၌ အက်စ်ပန်းညို၊ ဒီပို့တီဗို၊ မာလော့ကာ အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ထိုအသင်းများနှင့် ဆီဗီလာတို့ အဝေးကွင်း၊ အိမ်ကွင်းကစားရာတွင် ဗီလာရီးရဲနှင့် အက်စ်ပန်းညိုအသင်းတို့ကို ပွဲကျပ်များအဖြစ် ရင်ဆိုင်ရမည်ဖြစ်သည်။ ဗီလာရီးရဲသည် ပထမအကျော့၌ ဆီဗီလာတို့နှင့် သရေပွဲဖြစ်ထားခဲ့ရာ ကြိုးစားအားထုတ်မှ နိုင်ပွဲရမည်ဖြစ်သည်။

လောလောဆယ် အနေအထားတွင် ဆီဗီလာတို့ လာလီဂါဖလားရရှိရေးအတွက် ကြိုးစားလျှင် အခွင့်အရေးရှိနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ **(ကိုးကား–အင်တာနက်)**

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

အောင်ပွဲခံနိုင်ရေး

ဆီဗီလာတို့ လာလီဂါဖလား ရရှိပြီး ဤသို့ အောင်ပွဲခံနိုင်ရေး ကြိုးစားရန် လိုအပ်နေဆဲပင်ဖြစ်သည်။
(ဓာတ်ပုံ–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ချယ်လ်ဆီးကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်နှင့် ကာဗယ်ဟိုတို့သည် မန်ယူနှင့်ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ဒဏ်ရာများရထားသဖြင့် ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။**

---

* အာဆင်နယ်အသင်းသည် ဝါဆောကလပ်မှ ပိုလန်ဂိုးသမား လူးကက်ဖ်ဖာဘီယန်စကီကိုခေါ်ယူရန် စေ့စပ်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

---

* **မစ်ဒယ်ဘရော့မှ တိုက်စစ်မှူး ခရစ္စတီးသည် အသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့ပြီဖြစ်၍ အခြားကလပ်သို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

---

* ပရီမီယာလိဂ် အမှတ်ပေးပြိုင်ပွဲမှ ချာလ်တန်အသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့သည် ပွဲစဉ်(၃၇)အပြီး တန်းဆင်းအသင်းများ ဖြစ်သွားပြီဖြစ်သည်။

---

* **ဆန်းဒါးလင်းနှင့် ဘာမင်ဂမ်အသင်းတို့သည် လာမည့်ပရီမီယာလိဂ်ပြိုင်ပွဲတွင် တန်းတက်အသင်းများ ဖြစ်လာကြမည်ဖြစ်သည်။**
(အင်တာနက်)

ဒေါ်လာသန်း ၁၂၀ ဝင်ငွေစံချိန်တင်ရသည့် လိုက်မစ်ဒယ်ဝိတ်တန်းလက်ဝှေ့ချန်ပီယံ ပြိုင်ပွဲ

လန်ဒန် မေ ၁၂

မေ ၁၀ ရက်က အမေရိကန်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လိုက်မစ်ဒယ်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် ဖလွိုက်မေဝဲသားက အော်စကာဒီလာဟိုယာကို အနိုင်ထိုးသတ်ခဲ့သည့် လက်ဝှေ့ပြိုင်ပွဲသည် လက်ဝှေ့သမိုင်းတွင် ဒေါ်လာသန်း ၁၂၀ရရှိခဲ့၍ ဝင်ငွေအရဆုံး လက်ဝှေ့ပြိုင်ပွဲဖြစ်လာခဲ့ကြောင်း လက်ဝှေ့ပွဲကျင်းပရေး တာဝန်ရှိသူများက ပြောကြားလိုက်သည်။

စံချိန်တင်

ယင်းတို့နှစ်ဦး၏ ထိုးသတ်မှုပြိုင်ပွဲမှ ဝင်ငွေသည် ၂၀၀၂ ခုနှစ်က မိုက်တိုင်စန်နှင့် လင်းနော့လူးဝစ်တို့ ဟဲဗီးဝိတ်ချန်ပီယံ သရဖူလုပွဲတွင် ထိုးသတ်ခဲ့စဉ်က ရခဲ့သောဝင်ငွေထက် စံချိန်တင်နိုင်ခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က ဝင်ငွေမှာ ဒေါ်လာ ၁၁၂ သန်းသာ ရရှိခဲ့သည်ဟုဆိုသည်။

ရာဇဝင်တွင်ခဲ့

မိုက်တိုင်စန်နှင့် ဟိုလီဖီးလ်တို့သည် ၁၉၉၇ ခုနှစ်က ထိုးသတ်ခဲ့ကြရာ မိုက်တိုင်စန်က ဟိုလီဖီးလ်၏နားရွက်ကို ကိုက်ခဲ့သဖြင့် လက်ဝှေ့သမိုင်းတွင် ရာဇဝင်တွင်ခဲ့သည်။ ထိုစဉ်က ယင်းတို့နှစ်ဦးသည် ထိုးကြေးအတွက် တစ်ဦးလျှင် ဒေါ်လာ ၃၅သန်းစီ ရရှိခဲ့ကြသည်ဟုဆိုသည်။

မေဝဲသားသည် ယခုပွဲစဉ်တွင် ဒီလာဟိုယာအား အမှတ်ဖြင့် ထိုးသတ်အနိုင်ရခဲ့ကြောင်း သိရသည်။

(အင်တာနက်)

မေဝဲသား (ဝဲ) **က ဒီလာဟိုယာ၏ ခေါင်းဆီသို့ ညာလက်သီးတစ်လုံး ဤသို့ပစ်သွင်းခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဆင့်ကလဲယား မန်စီးတီးမှ ထွက်ခွာမည်

လန်ဒန် မေ ၁၂

အင်္ဂလန် ကွင်းလယ်ကစားသမားဟောင်း ဆင့်ကလဲယားသည် ယခုနှစ်ရာသီကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာတော့မည်ဖြစ်သည်။

အသက်၃၄နှစ်ရှိ အဆိုပါကွင်းလယ်ကစားသမားသည် ၂၀၀၃ ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၂ ကမ္ဘာ့ဖလားတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

(အင်တာနက်)

ဖူလ်ဟမ်မှ မိုက်ကယ်ဘရောင်း ကြမ်းတမ်းစွာကစားခဲ့၍ သုံးပွဲပယ်

လန်ဒန် မေ ၁၂

ဖူလ်ဟမ်အသင်းမှ မိုက်ကယ်ဘရောင်းသည် ပြီးခဲ့သောသီတင်းပတ်က လီဗာပူးအသင်းနှင့်ကစားစဉ် လီဗာပူးမှ အလွန်ဆိုအား ကြမ်းတမ်းစွာကစားခဲ့ကြောင်း ဗီဒီယိုမှတ်တမ်း စစ်ဆေးမှုအရ သိရှိရသဖြင့် အက်ဖ်အေက ၎င်းအား သုံးပွဲပိတ်ပင်လိုက်သည်။ **(အင်တာနက်)**

အယ်လ်ဘေးနီးယားနှင့် ကစားမည့်ပွဲ မိုက်ကယ်အိုဝင် ပါဝင်ကစားမည်

လန်ဒန် မေ ၁၂

မိုက်ကယ်အိုဝင်သည် မေ ၂၅ ရက်တွင် အယ်လ်ဘေးနီးယားအသင်းနှင့် ကစားမည့် အင်္ဂလန်(ခ)အသင်းတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

နယူးကာဆယ်အသင်း တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားတွင် ဒူးခေါင်းအရွတ် ထိခိုက်ပျက်စီးခဲ့ပြီးနောက် ပြန်လည်ကစားခဲ့ပြီဖြစ်ရာ နှစ်ပွဲသာကစားရသေးသည်ဟု ဆိုသည်။

အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်က ယင်းပြိုင်ပွဲအတွက် အဓိကကစားသမားငါးဦးကို ရွေးချယ်ထားကြောင်း သိရသည်။

ပါဝင်

အဆိုပါပွဲအတွက် မန်ယူမှအလန်စမစ်လည်း ပါဝင်သည်။

(အင်တာနက်)

နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်။ (ဓာတ်ပုံ–အင်တာနက်)

13-5 (13) 1 5/12/07, 1:56 PM

ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မွန်ပြည်နယ်၊ ကျိုက္ခမီမြို့၊ အောင်သုခရပ်နေ
ဦးတောက်ထွန်း(ခ)ဦးတင်ထွန်း–ဒေါ်ရင်ညွန့်တို့၏သား

မောင်ကျော်သူရအောင် **B.E (E.P) YTU**

M.Sc (Computer Control & Automation) NTU, S' pore
Control Engineer (Integral Systems Pte Ltd, Singapore) နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းလမ်းနေ
ဦးတင်ထွန်း–ဒေါ်ကြည်ငွေတို့၏ သမီး

မသက်စုထွန်း **B.E (E.P) YTU**

M.Sc (Computer Control & Automation) NTU, S' pore
Project Engineer (AREVA T& D Pte Ltd, Singapore)

တို့၏၁၀–၅–၂၀၀၇ရက်(ကြာသပတေးနေ့)အေးချမ်းအောင်မြင်ငွေကျောင်းတော်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၁၂–၅–၂၀၀၇ရက် (စနေနေ့) Traders Hotel ၌ကျင်းပသော မင်္ဂလာညည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသောဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သူရအောင်–မသက်စုထွန်း။

ငွေရတုမင်္ဂလာဆုမွန်လွှာ

၁၃–၅–၂၀၀၇ရက်တွင် ကျရောက်သော ချစ်သော ဖေဖေကြီး **ဦးဆန်းဝင်းထွန်း** (စက်မှုကျွမ်းကျင်–၂၊ကညန၊ပဲခူး)–ချစ်သောမေမေကြီး **ဒေါ်စန်းစန်းဝေ** တို့၏(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် သားတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကိုလျှောက်လှမ်းရင်း လောကီ၊ လောကုတ္တရာအကျိုးကို အရင်ကထက်ပို၍ ဆောင်ရွက်နိုင်ပါစေလို့ သားတို့က ဆုမွန်ကောင်းတောင်း ပေးပါတယ် ချစ်သော ဖေဖေနှင့် မေမေ။

ချစ်သောသားကြီး – မောင်အောင်ဖြိုးသူ (B.Sc, Zool၊ ကညနရုံးချုပ်)
ချစ်သောသားလတ် – မောင်ဇင်သူ (B.Sc,Maths၊ ဒုအကောက်ခွန်မှူး၊ လှိုင်လင်)
ချစ်သောသားလေး – မောင်အောင်မြတ်သူ (First Year Zool၊ ဒဂုံတက္ကသိုလ်)
ချစ်သောသားငယ် – မောင်တင်အောင် (တက္ကသိုလ်ဝင်တန်းဖြေ)
ချစ်သောသားထွေး – မောင်ဇင်အောင်(Grade-10၊ အထက–၂၊ဒဂုံ)။

နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာဆုတောင်း

ဘိုးဘိုး **ဦးထွန်းတင်** (မင်းကင်း)–ဘွားဘွား **ဒေါ်စန်းစန်း** (တောင်သာ)တို့၏
နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာနေ့တွင်
ဘိုးဘိုး၊ ဘွားဘွားတို့သည် နိဗ္ဗာန်ရောက်ကြောင်းတရားများကို အားထုတ်နိုင်စေရန်နှင့်
ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်စေရန်
ရင်နှစ်သည်းချာ သားသမီး မြေးရတနာများက
ဆုတောင်းလိုက်ပါသည်။

ချစ်သားသမီးများ

ဦးကိုကိုအောင် – ဒေါ်ခင်သီတာ
ဦးလင်းထွန်းမြင့်– ဒေါ်ခင်ဆွေဝင်း
ဦးကျော်လင်း – ဒေါ်နီနီအောင်
ဦးမြင့်လှိုင် – ဒေါ်မြသွေးနွယ်
ဦးဝင်းဗိုလ် – ဒေါ်တင်ဥမ္မာ
ဒေါ်နီလေးလွင်
ဦးဇော်မင်း

ချစ်မြေးများ

ဖြူသင်းခိုင်၊ အေးချမ်းကိုကို၊
မျိုးသက်ပိုင်လင်း၊ အိမွန်ကိုကို၊
ဝင်းရည်မွန်သိမ့်၊ ဆုမြတ်စန္ဒီသော်၊
မိုးသက်နိုင်လင်း၊ ဟံသာစိုး၊
ဖူးမြတ်ကေသရီ၊ အုပ်ပိုင်စိုး။

ရွှေကြေးစည်–ဘုရားစုံဖူးခရီးစဉ်များ

▲ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ)
(ပုဂံ၊ ပုပ္ပား၊ စွယ်တော်လေးဆူ) (ကျိုက္ခမီ၊ မော်လမြိုင်၊ ဧကံစဲ) (ဇလွန်) အပတ်စဉ်
▲ (မြဝတီ၊ မဲဆောက် - မေ ၁၉၊ ၂၅) (ချောင်းသာကမ်းခြေ) (ကျိုက်ထီးရိုး) နေ့စဉ်
▲ ကားစီးလုံးငှားသည်၊ ကြိုတင်လက်မှတ်ရောင်းပြီ။ ရုံးစမ်းပါ။
ဒေါ်စမ်းစမ်းအောင်၊ ၂၉၂၊ ပန်းဆိုးတန်းလမ်း ☎ 240860 / 372290
၂၅၁၊ မင်းနန္ဒာလမ်းမကြီး၊ ဒေါပုံ(သာကေတကျောက်တိုင်အနီး) ☎ 721735

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဇာလီထက်ထက်၏ P.P No-466269 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၃၇၄၀၉၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောမိုးဇော် နိုင်ငံကူး လက်မှတ် အမှတ် ၅၄၆၉၈၈ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၆၃၈၂၀၆၊၂၀၈။

၁၁-၅-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း –၂၄၆၉၈၂၊ ၂၄၆၉၈၃	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဉ္ဇာဦး၊ နန္ဒာလှိုင်
သွင် ဖုန်း – ၃၃၂၇၉၄၊ ၃၂၂၅၈၂	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဉ္ဇာဦး၊ နန္ဒာလှိုင်
မင်္ဂလာ ဖုန်း – ၂၄၃၀၃၃၊ ၂၄၃၀၃၄	BLOOD DIAMOND	LEONARDO DICAPRIO, DJIMON HOUSOU JENIFFER CONNELLY
ရေႊဆောင် ဖုန်း – ၃၈၃၃၃၉၊ ၂၅၂၀၁၃	CURSE OF THE GOLDEN FLOWER	CHOW YUN-FAT, GONG LI JAY CHOU
နေပြည်တော် ဖုန်း – ၂၅၁၃၃၃၊ ၂၅၁၂၈၈	300	GERARD BUTLER, LENA HEADEY DAVID WENHAM, DOMINIC WEST
ဝင်းလိုက်(မန္တလေး) ဖုန်း–(၀၂)၃၉၁၂၈၊ ၆၀၂၉၁	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဉ္ဇာဦး၊ နန္ဒာလှိုင်
မြို့မ(မန္တလေး) ဖုန်း–(၀၂)၃၉၀၃၃၊ ၃၈၇၁၉	DHOOM - 2	HRITHIK ROSHAN, ASHWARIYA RAI ABHISHEK BACHCHAN

ပွဲချိန် သတိ (နေ့စဉ်) ၁၀:၀၀ နာရီ ၊ ၁၂:၃၀ နာရီ ၊ ၃:၃၀ နာရီ ၊ ၆:၃၀ နာရီ ၊ ၉:၃၀ နာရီ

Vacancy Announcement

(For Local Service Only)

Career Opportunities are available for ***young and dynamic holders of medical degree*** in a leading multinational pharmaceuticals company in Myanmar for the posts of ***Medical Product Specialist*** based in Yangon and Mandalay.

Those with
a) M.B., B.S degree,
b) age younger than 33 year,
c) possessing good command of English,
d) have a valid driving license and would enjoy the challenge of a demanding but rewarding working experience, are invited to apply.

Interested persons should send their résumé, labour registration card and copies of certificates to **PO Box 284** not later than **25 May 07**. ***Please specify your preference for Yangon or Mandalay or both. Only short listed candidates will be called upon for the interview.***

Selected candidates will be offered attractive remuneration package and can look forward to a rewarding career in pharmaceutical marketing.

ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) (နှင့်) ကိုတာ ဦးစီးသော

လုမ္ဗိနီ

မူကြို၊ KG ၊ Grade I, II
ဇွန်လ ၅ ရက် **ဖွင့်ပြီ**

- ၈၀ (ခ)၊ သံလွင်လမ်း၊ ရွှေတောင်ကြား၊ ဗဟန်း။ ဖုန်း - ၅၂၃၂၂၃၊ ၅၂၃၆၅၆
- ၂/က၊ သမာဓိ ၄ လမ်း၊ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်း။ ဖုန်း - ၅၆၄၄၅၂

ကမ္ဘာကျော်အမှတ်တံဆိပ် ပါဝါမျက်မှန်၊ နေကာမျက်မှန် အစစ်အမှန်များကို ရောင်းချပေးနေသော

UV ရွှေဘုံသာအလယ်လမ်းက

ယူနိုက်တက်မိုးရှင်းမျက်မှန်ဆိုင်

ရန်ကုန်
အမှတ်–၂၆၃၊ ရွှေဘုံသာလမ်း (အလယ်)
ရန်ကုန်မြို့။
ဖုန်း–၀၁–၃၈၄၈၃၈၊ ၇၀၉၆၂၀

မန္တလေး
၇၈ လမ်း၊ ၂၇ x ၂၈ ကြား။
ဘုတာကြီးအနီး၊ မန္တလေးမြို့။
ဖုန်း–၀၂–၃၄၄၄၂၊ ၆၈ရ၈

ROLEX, OMEGA နှင့် Swiss Made

မောင်စိန်ခြင်
နာရီ နှင့် ဓာတ်

(ကမ -၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်
၁ခ/၆၁၂၂ နီဆန်းဒီဇယ်(DumpTruck)
၁ခ/၆၅၂၃ နီဆန်းဒီဇယ် (Dump Truck)
၂ခ/၄၀၃၁ နီဆန်းဒီဇယ် (Dump Truck)
၂ခ/၅၈၇၆ နီဆန်းဒီဇယ် (Dump Truck)
၃ခ/၁၂၇၁ နီဆန်းဒီဇယ် (Dump Truck)
၄ခ/၇၂၀၉ နီဆန်းဒီဇယ် (Dump Truck)
ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလတ် မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၁၉၇၂၈၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(ခရိုင်ရုံး) စစ်ကိုင်းမြို့။

KMD (သိမ်ကြီးဈေး) Computer Centre
Since 1986
သိမ်ကြီးဈေး (စီ) ရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ဖုန်း - ၃၈၄၂၆ခ/ ၃၈၄၆၄၁
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design
:: Basic Software Engineering :: Practical A+ :: LCCI Computerised Accounting

မီးသတိပြု

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်တောင်ဘက်၌ အမေရိကန်တို့ တိုက်ခိုက်ခံရ ငါးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိ

ဘဂ္ဂဒက် မေ ၁၂

ဘဂ္ဂဒက်မြို့တောင်ဘက်၌ မေ၁၂ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်ခံရသဖြင့် ငါးဦး သေဆုံးပြီး သုံးဦးပျောက်ဆုံးနေကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်တောင်ဘက် မာမူဒီယာမြို့အနီး ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဝီလျံကောဒ်ဝဲလ်က ပြောကြားသည်။

၎င်းအမေရိကန်တပ်ဖွဲ့ဝင်များတိုက်ခိုက်ခံရပြီး တစ်နာရီအကြာတွင် အခြားအမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိလာရာ တိုက်ခိုက်ခံရ၍ သေဆုံးနေသော အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးအပြင် သုံးဦးမှာ ပျောက်ဆုံးနေကြောင်း အဆိုပါ ဗိုလ်မှူးချုပ်က ပြောကြားသည်။ ပျောက်ဆုံးနေသောတပ်ဖွဲ့ဝင်များကို အမေရိကန်တို့က ပိုက်စိပ်တိုက်ရှာဖွေလျက် ရှိကြောင်း သိရသည်။

တူရကီအနောက်ပိုင်း၌ ဗုံးပေါက်ကွဲ၊ ၁၅ ဦးဒဏ်ရာရ

အစ်ဇ်မီယာ မေ ၁၂

တူရကီနိုင်ငံ အနောက်ပိုင်း အစ်ဇ်မီယာဆိပ်ကမ်းမြို့ရှိ ဈေးတစ်ဈေး၌ မေ ၁၂ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ၁၅ဦး ဒဏ်ရာရရှိသွားကြောင်း နှစ်ဦးမှာဒဏ်ရာပြင်းထန်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးမှာ လူတစ်ဦးတစ်ယောက်က အိတ်တစ်လုံးဖြင့်ထည့်၍ယူဆောင်လာပြီး ဘော်နီဗာအရပ်ရှိ ဈေးထဲမှ စက်ဘီးတစ်စီးပေါ်တွင်တင်ထားခဲ့သည်ကို တွေ့ရကြောင်း၊ ထိုအချိန်တွင် ယင်းစက်ဘီးစီးသူကို မတွေ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဗုံးထောင်ဖောက်ခွဲသူအား ဖမ်းမိခြင်းမရှိသေးကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အသံမစဲ ပဋ္ဌာန်းကျင်းပမည်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း ဒေါပုံမြို့နယ်နွယ်အေး ရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခ ဓာတ်တော်တိုက်အမှတ်(၁)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (လူမှုထူးချွန်ပထမဆင့်) သက်လွတ်ဆရာတော်အား အမှူးထား၍(၁၆)ကြိမ်မြောက် အဓိဋ္ဌာန်အောင် ဆုထူးမြတ်ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် ဗုဒ္ဓ၏ပရိတ်တရားတော်များ အသံမစဲ ပဋ္ဌာန်း ရွတ်ပွားပွဲကို မေ ၁၉ ရက်မှ ၂၅ရက်အထိ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြမည့် ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ပင့်သံဃာတော် အရှင်သူမြတ်၂၇ပါးတို့အား သက်လွတ်ဆွမ်းနှင့် သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းရန် အကျိုးဆောင်အဖွဲ့က နှီးဆော်ထားသည်။ (က–ပ)

ဖြူးဆရာတော် ပြည်ပမှ ပြန်လည်ကြွရောက်တော်မူမည်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာနှင့် ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည် သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ပြည်တွင်းပြည်ပ မဟာစည်နာယက ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရအရှင်သူမြတ်သည် ထိုင်းနိုင်ငံ၌ ဆေးကုသမှုခံယူပြီးစီး၍ မေ ၁၃ ရက် ည ၉ နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ကြွရောက်တော်မူမည် ဖြစ်သည်။ (က–ပ)

ရတနာမဉ္ဇူဓမ္မရိပ်သာ သီလရှင်တရားစခန်း

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဉ္ဇူဓမ္မရိပ်သာတွင်လယ်တီမူ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျနန္ဒ (ပုဂံ) ဦးဆောင်၍ မေ၂၃ ရက်မှ ၃၁ရက်အထိ သီလရှင်များအား ဝိပဿနာရှုနည်းနှင့် ပို့ချချက်ကို ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသော သီလရှင် (ဆရာလေး)များသည် မေ၂၀ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

တစ်နေ့တာ ဆွမ်းလှူဒါန်းလိုပါက ယောဂီ ၆၀အတွက် အရဏ်ဆွမ်းအတွက် ငွေကျပ် ၂၀၀၀၀၊ နေ့ဆွမ်း ငွေကျပ်၄၀၀၀၀နှင့် အအေး ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် ဖုန်း–၆၆၃၈၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တာဝတိံသာမြတ်စွာဘုရားစိန်ရတုသဘင် ဝါကျွတ်ပွဲကျင်းပရေး မော်လမြိုင်ကျွန်းမြို့နယ် သံဃနာယကအဖွဲ့ထံမှ ဩဝါဒခံယူ

မော်လမြိုင်ကျွန်း မေ ၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ တာဝတိံသာ မြတ်စွာဘုရား၏(၇၅)ကြိမ် မြောက် စိန်ရတုသဘင် ဝါကျွတ်ပွဲတော်ကျင်းပရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များထံမှ ဩဝါဒခံယူပွဲကို မေ ၆ရက်နံနက် ၁၀နာရီက တာဝတိံသာ ဘုရားတန်ဆောင်း၌ ကျင်းပသည်။

ဩဝါဒချီးမြှင့်တော်မူ

အခမ်းအနားတွင် (၇၅)ကြိမ်မြောက် စိန်ရတုသဘင်ပွဲတော် ကျင်းပရေးအတွက် မြို့နယ်သံဃနာယက ဆရာတော်များက ဩဝါဒချီးမြှင့်တော်မူကြပြီး **(ဝဲပုံ)** တာဝတိံသာ ဘုရားဂေါပကအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးသန်းလွင်က (၇၅)ကြိမ်မြောက် စိန်ရတုသဘင်ပွဲတော် ကျင်းပရေးဆိုင်ရာ ကြိုတင်စီမံ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းတာဝတိံသာ မြတ်စွာဘုရား၏ (၇၅)ကြိမ်မြောက် စိန်ရတုသဘင်ပွဲတော်ကို ၁၃၆၉ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်မှ လပြည့်ကျော် ၅ရက်အထိ ကျင်းပမည်ဖြစ်ရာ စိန်ရတုသဘင်ပွဲတော်ဖွင့်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အဘိဓမ္မာအခါတော်နေ့ကို သီတင်းကျွတ်လပြည့်နေ့နှင့် တာဝတိံသာဘုရား ဆင်းပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တို့ တွင် ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်းအရဏ် အထူးဆွမ်းလောင်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(ဝ၉၇)

ပြည်ခရိုင်လုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းဖွင့် အလှူငွေ၊ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရွှေတောင် မေ ၂

ပဲခူးတိုင်း(အနောက်ပိုင်း)၂၀၀၇ခုနှစ် ပြည်ခရိုင်လုံးကျွတ် စာတတ်မြောက်ရေး အသုံးလုံးလုပ်ငန်းဖွင့်ပွဲနှင့် အလှူငွေ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာလှူဒါန်းပွဲကို ဧပြီ၂၃ရက် နံနက်က ရွှေတောင်မြို့နယ် မင်းကွန်းအုပ်စု လက်ခုတ်တန်းကျေးရွာအမက၌ ကျင်းပရာ ရွှေတောင်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဝင်းက စာတတ်မြောက်ရေး အသုံးလုံးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှုအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လှူဒါန်းပေးအပ်ပွဲကို ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်က ပဲခူးတိုင်း (အနောက်ပိုင်း)နှင့် ပြည်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုး သမီးရေးရာအဖွဲ့တို့က လှူဒါန်းငွေကျပ်တစ်သောင်း ငါးထောင်၊ ဒေါက်တာငွေစန်း-ဒေါ်သိန်းရီ မိသားစုကငွေကျပ် တစ်သောင်းနှင့် ဗလာစာအုပ်သုံးဒါဇင်တို့ကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သိန်းပိုင်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြင့်မြင့်အုန်း၊ အဖွဲ့ဝင် ဒေါ်စိုးစိုးသက်၊ဒေါ်တင်တင်နု၊ဒေါ်သိန်းသိန်းဝင်း၊ ဒေါ်မို့မို့ဦးတို့က စုပေါင်း လှူဒါန်းငွေကျပ်သုံးသောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ကငွေကျပ်တစ်သောင်း၊ ဗလာစာအုပ်၂၅ဒါဇင်၊ ခဲတံခုနစ်ဒါဇင်နှင့်ဘောပင်တစ်ဒါဇင်တို့ကို ပေးအပ်လှူဒါန်းကြရာ ရွှေတောင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက လက်ခံရယူသည်။

ထောက်ပံ့

ဆက်လက်၍ ပြည်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဗလာစာအုပ် ၁၀ဒါဇင်၊ ခဲတံခုနစ် ဒါဇင်ကို တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင် ဒေါ်စိုးစိုးသက်က ထောက်ပံ့ပေးအပ်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌသုံးဦးကလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ဗလာစာအုပ် ၁၀ ဒါဇင်၊ ခဲတံခုနစ်ဒါဇင်ကို ပြည်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်က ထောက်ပံ့ပေးအပ်ရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ သုံးဦးက လည်းကောင်း လက်ခံရယူကြသည်။

အလှူငွေ

ယင်းနောက်မြို့နယ်အဆင့် စာတတ်မြောက်ရေး ကော်မတီသို့ အလှူငွေများ ဆက်လက် ပေးအပ်ရာ ရွှေတောင် မြို့ ကြာနီကန် ရပ်ကွက် ရွှေလမင်း ဆန်စက်ပိုင်ရှင် ဦးသန်းမြင့်က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ပြည်ခရိုင်ဥက္ကဋ္ဌ ဦးအောင်ခင်က လည်းကောင်း၊ ရွှေတောင်မြို့ကြာနီကန်ရပ်ကွက်ဆေးရိုးတန်းလမ်းဇေရက် ဆီစက်ပိုင်ရှင် (အမျိုးသား ညီလာခံကိုယ်စားလှယ်) ဦးခင်မောင်သန်းနှင့် ကြာနီကန် ရပ်ကွက် တည်ကုန်းနေ ချမ်းသာဆန်စက်ပိုင်ရှင် ဦးမောင်ဌေး တို့က ငွေကျပ်ငါးသောင်းစီကိုလည်းကောင်း ပေးအပ် လှူဒါန်းကြရာ ရွှေတောင်မြို့နယ်ဥက္ကဋ္ဌဦးအောင်ဝင်းက လက်ခံယူသည်။ ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး စာတတ်မြောက်ရေးလုပ်ငန်း လှုပ်ရှား ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကုသိုလ်ယူ

တွံတေးမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် စေတီတော်ရင်ပြင် စနေထောင့်ရှိ မဟာဗောဓိပင်ရင်း၌ ညောင်ရေသွန်းလောင်းပွဲ ကျင်းပရာ ဌာနဆိုင်ရာများ၊ မြို့ပေါ်(ရှစ်)ရပ်ကွက် ဘုရားဖူးပြည်သူများဖြင့် စည်ကားစွာ ညောင် ရေ သွန်းလောင်း ကုသိုလ်ယူကြစဉ်။ (၃၈၀)

ရန်ကုန် မေ ၁၂

ကြေးပိဋကတ်တော် ပြုလုပ်ရန်အလှူငွေများလှူဒါန်း

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင်နှစ်ကျမ်းမြောက် ဝိဘင်္ဂ ပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်ထံ လှူဒါန်းကြသော အလှူရှင်များမှာ သုဝဏ္ဏမြို့သစ် ကျွန်းရွှေမြိုင်လမ်းသွယ်-၂၊ အမှတ်-၉၄/၄နေ ဦးဇော်ဝင်း-ဒေါ်ခင်မာကြွယ်၊ သား မောင်နန္ဒာရဲရင့်ဝင်း၊ မောင်နောင်ဇော်ဝင်း၊ မောင်ညီဇော်ဝင်း၊ သမီး မအိအိရီဇော်၊ ဦးအုန်းခိုင်၊ ဒေါ်တင်မြိုင်တို့အား ရည်စူး၍ မဟာဗန္ဓုလလမ်း အမှတ် ၃၃၇ နေ ဦးစိန်မြင့်-ဒေါ်လှလှမြင့်၊ သားမောင်အောင်အောင်ဦး၊ သမီး မစန်းဆင့်ဆင့်သွယ်၊ ၃၅လမ်း မဟာထွန်းရပ်ရှင်မှ ဦးတင်ဝင်းသျှင်-ဒေါ်ခင်လေးသိမ့်တို့ကို အမှူးထား၍ သမီး မနုရွှေရည်၊ သဃ်န်းကျွန်း မိကျောင်းကန် အပိုင်း ၃ ခေမာသီ ၂လမ်းအမှတ်၃၀နေ ဦးအောင်ကျော်မြ-ဒေါ်စောသီတာဦး၊ သား မောင်မြတ်မော်ဟန်၊ ဗဟန်းမြို့နယ် ဗိုလ်ချိုလမ်း အင်ကြင်းမြိုင် အိမ်ရာ တိုက် ၁၁၊ အခန်း ၅၀၅ နေ သား၊ မြေး ရဲမင်းအောင်(ဖြိုးဖြိုး)၊ ဒေါ်မြင့်စိန်(၅) လပြည့်အားရည်စူး၍ ကျောက်မြောင်း စိတ္တာသုခလမ်းအမှတ် ၂၇နေ ညီမဒေါ်ထွေးမြင့်မိသားစုနှင့် ကျောက်မြောင်း ဇဋိလလမ်း အမှတ် ၁၆နေ ကိုမောင်မောင်သွင်-ဒေါ်ဆွေဆွေမြင့်၊ သမီး ဖြိုးသီသီခိုင်၊ မိုးသီသီခိုင် မိသားစု၊ ကမာရွတ် လှည်းတန်း ခိုင်ရွှေဝါလမ်း အမှတ် ၂၉ နေ ဦးထွန်းလင်းစိုး-ဒေါ်လှ ကျော့ဖြူ၊ သား မောင်မိုးကျော်သာ မိသားစုတို့က ဦးထွန်းလင်းစိုး၏မွေးနေ့ အလှူ၊ ၅၁ လမ်းအမှတ် ၈၃ နေ ဦးလင်းတောင်း-ဒေါ်ရှုလွှမ်း၊ အနောက် ရန်ကင်း ရန်ရှင်းလမ်း တိုက် ၃၄၃ အခန်း၂၀နေ ဦးစန်းလွင်၊ ဒေါ်စောယုမြင့်၊ သား မောင်ထူးဇော်မိုး၊ မောင်ထူးလွင်တိုး၊ မင်္ဂလာ တောင်ညွှန့် မြို့နယ် အောင်သပြေလမ်း တိုက် ၁၁ အခန်း ၃၀၁ နေ ဦးဝင်းလွင်-ဒေါ်ဌေးဌေး၊ သား ငြိမ်းဇော်လွင်၊ သမီး မအေးရွှေဇင်၊မနန္ဒာရွှေရည်၊ မောင်ငြိမ်း ဇော်လွင်-မစန္ဒီကျော်၊ မောင်ဝေမိုးအောင်-မအေးရွှေဇင်၊ ဒလမြို့နယ် အုံကြီး ရပ်ကွက် အနော်ရထာ ၄ လမ်း အမှတ် ၅၈၆နေ ကိုသိန်းထွန်း မိဘ နှစ်ပါးအား ရည်စူး၍ (၃၅)နှစ်ပြည့် မွေးနေ့-မစုလှိုင်ထွန်း၊ ရွှေတောင်တန်း လမ်းပထမထပ် အမှတ် ၁၂၉နေ မိဘနှစ်ပါးအား အမှူးထား၍ ဒေါ်အေးအေးသူ၊အထက(၂)အင်းစိန်အဌမတန်းမှ ဆရာမများ ဒေါ်နုနုသန်း၊ ဒေါ်ခင်ခင်စော၊ ဒေါ်ခင်သိန်းရှိန်၊ ဒေါ်ဥမ္မာရှိန်၊ဒေါ်သန်းသန်းဝင်း၊ဒေါ်ခင်သန်းဝင်း၊ ဒေါ်ဖြူဖြူအေး၊ ဒေါ်ခင်ကြူ၊ ဒေါ်စမ်းရီ၊ ဒေါ်မာမာအေးတို့က ကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလို ပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် နှစ်သောင်း ငါးထောင်ဖြင့် ဖုန်း- ၅၄၈၈၀၅၊ ၀၉-၅၁၉၅၂၀၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မအူပင် ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မအူပင် ခရိုင် လေးမြို့နယ် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလား ရရှိသွားသော ဓနုဖြူ မြို့နယ်အသင်းအား ဧပြီ ၂၇ရက်က မအူပင် ခရိုင်ဥက္ကဋ္ဌကိုယ်စား ခရိုင်အဖွဲ့ဝင် ဒုတိယရဲမှူးကြီး ဝင်းကြည်က တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။
(ခရိုင် အား/ကာ)

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော သံတံတားလမ်း တံတားပြုပြင် ခြင်းလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို ဧပြီ၂၅ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (၀၇၄)

အကြိမ် (၃၀) မြောက်သွေးလှူဒါန်း

ရန်ကုန် မေ ၁၂

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ကြက်ခြေနီ တပ်ခွဲမှူး ဦးခင်မောင်လေး **(အပေါ်ပုံ)**သည် ရန်ကုန်မြို့ ကလေးဆေးရုံကြီးတွင် အကြိမ်(၃၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။

(က-ပ)

မန္တလေးတိုင်း မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ် ကျောင်း (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် မန္တလေးမြို့ မဟာမြိုင်(၂)ရပ်ကွက် အမှတ် ဒ/၃၊ ၃/၁၄နေ ကျောင်းအလှူရှင် မိဘနှစ်ပါး ဖြစ်သည့် ဦးခင်မောင်ရွှေ– ဒေါ်သန်းမြင့်တို့အား ရည်စူး၍ သား မောင်ဝင်းနိုင်၊ သမီး မနှင်းနွယ်အေး၊ (မနှင်းနွယ်ဌေး)၊ မြေး မအေးသီတာနိုင်၊ မောင်ရဲရင့်အောင် မိသားစုတို့က ဒုတိယအကြိမ်အဖြစ် ကျောင်းအလှူငွေကျပ်၁၅၀၀၀၀ ကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဆရာတော် ဦးဓမ္မပါလ (ဘဏ္ဍာရေးမှူး)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေး

မြင်းမူ ဧပြီ ၁၇

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်သည် မတ် ၂၄ ရက်က မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး မြို့နယ်ဦးစီးမှူး ဦးညိုအုန်းနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ အသင်းဝင်များ တိုးပွားရေး၊ စာကြည့်တိုက် အဆောက်အအုံများ ရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းရေး၊ စာကြည့်တိုက်လုပ်ငန်းများ ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို ပြောကြားကာ လုပ်ငန်းဆိုင်ရာများကို စစ်ဆေးသည်။

ထို့နောက် မတ် ၂၅ ရက်တွင် မြင်းမူမြို့နယ် မူးဝရွာထောင်ကျေးရွာ ထွဋ်မြတ်အလင်းစာကြည့်တိုက်၊ နဘဲကြုံးကျေးရွာဉာဏ်လင်းရောင်စာကြည့်တိုက်၊ ပျော့ကျေးရွာ အလင်းရောင်စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်များသို့ မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ၇၀စီ လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း အင်းစိန် မြို့နယ် စဉ့်ငူရပ် ကျော်ဖေယျလမ်း အမှတ် ၈၆၇ နေ ဦးမောင်မောင်သန်း – ဒေါ်ကြီးမေ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သက်ကြီးနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ချီးမြှင့်ပွဲအခမ်းအနား မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ ဧပြီ ၁၂

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၁ရက် နံနက် ၁၁နာရီက ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက အမှာစကားပြောကြားပြီး သက်ကြီးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်း ဦးရေစာရင်းကို အခမ်းအနားမှူး ဦးစိန်တင့်က ဖတ်ကြားတင်ပြသည်။

ထောက်ပံ့

ထို့နောက် စေတနာရှင်များက လှူဒါန်းငွေကျပ် ၅၈၆၀၀၀ ကို လှူဒါန်းကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက (၇၅)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းများ နိုင်ငံတော်အတွက် ခြေလက်အင်္ဂါစွန့်လွှတ်ခဲ့သူ မသန်စွမ်း စစ်မှုထမ်းဟောင်း စုစုပေါင်း ၁၉၇ဦးသို့ ထောက်ပံ့ချီးမြှင့်ငွေကျပ် ၁၇၃၆၀၀၀ကို ထောက်ပံ့ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

ကောလင်းမြို့နယ်၌ ဖွင့်လှစ်ထားသော စာကြည့်တိုက်များသို့ သုတ ရသစာအုပ်နှင့် ဂျာနယ်မျိုးစုံပေးအပ်လှူဒါန်း

ကောလင်း မေ ၈

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့တို့ ပူးပေါင်း၍ ကောလင်း မြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကိုယ့်အား ကိုယ်ကိုး ကျေးရွာ စာကြည့်တိုက် ၂၁၀သို့ ပဉ္စမအကြိမ် သုတရသ စာအုပ်နှင့် ဂျာနယ်များ ပေးအပ် လှူဒါန်းပွဲကို မေ ၂ရက်က မြို့နယ် ရုံးခန်းမတွင် ကျင်းပသည်။

လှူဒါန်းပွဲတွင်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်) က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အလှူရှင် ခင်မို့မို့စာပေက သုတ ရသ စာအုပ် ၃၀၀၊ ဂျာနယ် ၂၇၈၀ တန်ဖိုး ငွေကျပ် ၁၂၁၅၀၀၀ကို လည်းကောင်း၊ ကြယ်စင် စာပေက သုတရသ စာအုပ် ၁၅၂အုပ်၊ ဂျာနယ်အစောင် ၁၇၇၀ တန်ဖိုးငွေကျပ် ၆၂၇၀၀၀ကို လည်းကောင်း၊ မန္တလေးမြို့ ဦးထွန်းအောင်ကျော်–ဒေါ်ခင်ငွေက သုတ ရသစာအုပ်၈၆အုပ်၊ဂျာနယ် ၇၁၃ စောင် တန်ဖိုး ငွေကျပ်၂၃၅၄၀၀ကို လည်းကောင်း၊ ဦးတင်အောင်–ဒေါ်မြင့်မြင့်ဌေး (ရွှေကျီးသာ စတိုး)က သုတရသ စာအုပ် ၈၀၊ ဂျာနယ် စာအုပ် ၈၀၀ တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ကို လည်းကောင်း၊ ဦးထွန်းဝင်း (ထွန်းလျှပ်စစ်ရောင်းဝယ်ရေး)က သုတရသစာအုပ်၅၀ တန်ဖိုးငွေကျပ် ၄၀၀၀၀ ကိုလည်းကောင်း ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။ (ဝ၂၆)

မိုင်းခတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ယဉ်ကျေးမှုအခြေခံအဆင့် သင်တန်းဆင်းပွဲကို ဧပြီ ၉ရက်က မိုင်းခတ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမော်က သင်တန်းဆင်း ၃၆ဦးအား ဆုများချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

မြိတ်မြို့နေ ဦးထွန်းအောင်–ဒေါ်ရွှေအေး ဣန္ဒိတံ မိသားစုက ငွေကျပ်တစ်သိန်းကို ကျိုက်ထီးရိုး မဟာစည်ရိပ်သာ ကျောင်းတိုက်အတွင်း၌ တည်ဆောက်လျက်ရှိသော သိမ်ကျောင်းတော်နှင့် ရွှေတိဂုံပုံတူတည်ဆောက်ရန် မဟာစည်နာယက ဘဒ္ဒန္တ ဝိစာရိန္ဒ(သာယာကုန်း)ဆရာတော်ကို လှူဒါန်းရာ ကပ္ပိယ ကာရကတစ်ဦးက ဆရာတော်ကိုယ်စား အလှူငွေများကို လက်ခံယူစဉ်။ (က–ပ)

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြီး ရှမ်းခေါက်ဆွဲ ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဧပြီ ၃၀ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) ရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အသင်းဝင်တိုင်း မိသားစုဖူလုံရေးအတွက် တိုင်းရင်းသားရိုးရာအစားအစာ ရှမ်းခေါက်ဆွဲချက်ပြုတ်နည်းများ လက်တွေ့သင်ကြားပြသစဉ်။ (၂၈၀)

ညောင်ဦးမြို့နယ် ကျေးလက်စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေး

ညောင်ဦး မေ ၁

ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာတွင် ဖွင့်လှစ်ထားသည့် လူငယ့်အားမာန် စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ထားမှုနှင့် စာကြည့်တိုက်လုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ထားမှုတို့ကို ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်တင်မြလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၇ ရက်က ကြည့်ရှု စစ်ဆေးသည်။

တည်တံ့ရေး

အနောက်အုံကျေးရွာ လူငယ့်အားမာန်စာကြည့်တိုက်ပိုင် မြေကွက် ပေ ၄၀ x ၄၅ ပေပေါ်တွင် ဆောက်လုပ်ထားရှိသည့် စာကြည့်တိုက်အဆောက်အအုံသစ်မှာ ၂၄ ပေ x ပေ ၃၀ ရှိသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိသည် ကျေးရွာမှ တာဝန်ရှိသူများ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင် လူငယ်များနှင့်တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်ပညာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ အနောက်အုံကျေးရွာ လူငယ့်အားမာန် စာကြည့်တိုက်တွင် ကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင် စာပေဝါသနာရှင် လူငယ်များနှင့် စာဖတ်ဝိုင်း ပြုလုပ်ပြီး အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုရေးစခန်း တာမိုးညဲမြို့နယ် ကုန်းဆာကျေးရွာ၌ ဖွင့်လှစ်

တာမိုးညဲ မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့နယ် မုံးစီးကျေးရွာအုပ်စု ကုန်းဆာကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုရေးစခန်း ဖွင့်လှစ်ပွဲကို ဧပြီ ၁၄ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးအောင်မျိုးလွင်နှင့် တပ်မတော်သားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံရှမ်း၊ ကချင်စသည့် ကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးအောင်မျိုးလွင်၊ မုံးစီး မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံတာဝန်ခံ ဦးမိုးမြင့်အောင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးဆန်ကျန်လူနှင့် မုံးစီးအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ရာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

လောင်စာတွေကိုရှင်း မီးဘေး အန္တရာယ်ကင်း

မြန်မာ–ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး မော်လမြိုင်မြို့၌ကျင်းပပြီးစီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မေ ၁၂

(၂၄)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ငွေမိုးဟိုတယ်၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် မြန်မာ–ထိုင်းဒေသဆိုင်ရာနယ်ခြားကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲဝင်းနှင့် စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးဂျီရာဒက်ခ်ရိုချရတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (အောက်ပုံ)

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃)စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးဂျီရာဒက်ခ်ရိုချရတ်တို့က အမှာစကားအသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် ငွေမိုးဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(၂၄)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေး၏ အတွင်းရေးမှူးအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲများကို မေ ၁၀ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင်လည်းကောင်း၊ ယနေ့နံနက်ရနာရီတွင်လည်းကောင်း ငွေမိုးဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအတွင်းရေးမှူးအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးကိုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ထိုင်းအတွင်းရေးမှူးအဖွဲ့တွင် ထိုင်း–မြန်မာနယ်ခြား ကော်မတီဆက်ဆံရေးရုံးမှ ဗိုလ်မှူးကြီး ဝီချူစံဒိယမ်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

စာမျက်နှာ ၆ ကော်လံ ၃ ●

မြန်မာ့အလင်း ဆောင်းပါးနှင့် သတင်းဆောင်းပါးအညွှန်း

ပင်လုံမြေ
ဝိသေသ
သဒ္ဒမ္မပါလ

ပရိယတ္တိဟုဆိုအပ်သော ဘုရားဟောဒေသနာတော်များ ကွယ်ပမသွားစေရန် မူရင်းပါဠိတော်ကို တစ်နိုင်ငံလုံး အတိုင်းအတာအရ မြန်မာစာပေ၊ မြန်မာစကားနှင့်ယှဉ်တွဲ၍ သင်ယူပို့ချလျက်ရှိသလို ဒေသအလျောက် ဒေသိယစာပေစကားတို့နှင့် ယှဉ်တွဲ၍ သင်ယူပို့ချလျက်ရှိကြသည်မှာ ဒေသတိုင်းရင်းသားတို့၏ စာပေ၊ စကား၊ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ပုံရိပ်များ ဖြစ်ပါ၏။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ဆောင်းပါး (စာ–၄)

မြန်မာ့ရုပ်ရှင် နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်နိုင်မည့် မြန်မာ–တောင်ကိုရီးယား ရုပ်ရှင်နှီးနှောဖလှယ်ပွဲ

မြန်မာနိုင်ငံကို ပထမဆုံး အကြိမ် ရောက်ခဲ့ခြင်းဖြစ်ပါတယ်။

Mrs. Kim A Ja.
ပါမောက္ခရုပ်ရှင်ဈေးကွက် ဒေါ်ရှင်တက္ကသိုလ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ လက်ရှိ ရုပ်ရှင်ထုတ်လုပ်မှု အနေအထား အားသာချက်နဲ့ အားနည်းချက်တွေကို ဆွေးနွေးသွားမှာပါ။

ဦးလွင်မိုး
သရုပ်ဆောင်ထုတ်လုပ်သူ။

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း–တင်စိုး
(မြန်မာ့အလင်း)
(စာ–၁၂)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ (၄) ချန်ပီယံလုပွဲ

မြန်မာပြည်အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)နှင့် စိန်ခေါ်သူ ရွှေခါးပတ်ချန်ပီယံ ဈာန်ထူး (တောင်ကလေး)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

သတင်းမြင်ကွင်း
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)
(အကျယ် စာ–၉)

မင်းကင်းနှင့်မုံရွာ မိုးရေချိန်စံချိန်သစ်များတင်

ရန်ကုန် မေ ၁၂

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် အောက်ဖော်ပြပါစခန်းများ၌ မေလ၏ ၂၄ နာရီအတွင်း အများဆုံး ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		မိုးရေချိန် စံချိန်ဟောင်း		ယခင်စံချိန် ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့် နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	မင်းကင်း	၁၆၀	၆ ဒသမ ၃၀	၇၉	၃ ဒသမ ၁၁	၁၄–၅–၁၉၉၀	၂၃
၂	မုံရွာ	၁၄၄	၅ ဒသမ ၆၇	၉၇	၃ ဒသမ ၈၂	၁၉–၅–၁၉၈၁	၃၃